ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရား ရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာ၁၀၀၇(ဓမ္မပဒ-၃၃၃)

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်၊ တနင်္ဂနွေနေ့။ Sunday, 22 October 2023 ၁၁၂၅၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ညောင်ရွှေမြို့ရှိ အဌဒိသာဓမ္မဝိဟာရ ကျောင်းတော်ကြီးသို့ ပင့်ဆောင်အပူဇော်ခံပွဲနှင့် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲသို့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၁**

အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ညောင်ရွှေမြို့ရှိ အဌဒိသာဓမ္မဝိဟာရကျောင်းတော်ကြီးသို့ ပင့်ဆောင်အပူဇော်ခံပွဲအား ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ဖောင်တော်ဦးဗုဒ္ဓရုပ်ပွားတော်မြတ်အား ဦးဆောင်ပြီး ပင့်ဆောင်ပူဇော်သည်။

### ကြည့်ရှုဖူးမြော်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြည့်ရှုဖူးမြော်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့်အဖွဲ့ဝင်များ အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ညောင်ရွှေမြို့ရှိ အဌဒိသာဓမ္မဝိဟာရကျောင်းတော်ကြီးသို့ ပင့်ဆောင်မည့် ဘော်ယာဉ်ပေါ်သို့ ပင့်ဆောင်ပူဇော်ကြစဉ်။

ယနေ့ ဖတ်စရာ

**ပါတီဝင်အင်အားများကို ဥပဒေနှင့်အညီ စုဆောင်းထူထောင်ခြင်းဖြင့် မိမိဒေသအကျိုး၊ နိုင်ငံ့အကျိုး သယ်ပိုးနိုင်သည့် ခိုင်မာအားကောင်းသော နိုင်ငံရေးပါတီများ ဖြစ်ပေါ်လာစေရေး ကြိုးပမ်းဆောင်ရွက်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ မှာကြား**

စာမျက်နှာ » ၁၀



**တို့ဘိုးဘွားယဉ်ကျေးမှု အမွေအနှစ်မို့ . . . . .**

ဆောင်းပါး

စာမျက်နှာ » ၁၈

ကြေးမုံ

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အလေးထား

မျက်မှောက်ကာလတွင် မြို့ပြဒေသများ ဖွံ့ဖြိုးတိုးတက်လာမှု၊ လူဦးရေ တစ်နေ့တခြားတိုးပွားလာမှု၊ မော်တော်ယာဉ်နှင့်စက်တပ်ယာဉ်များ များပြားလာမှု တို့ကြောင့် ယာဉ်အန္တရာယ်ဖြစ်မှုများပြားလာသည်။ မြန်မာနိုင်ငံတွင် လူဦးရေနှင့် မော်တော်ယာဉ် အထူထပ်ဆုံးမြို့ဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ ယာဉ်တိုက်မှု ၆၄ မှု၊ ဒဏ်ရာရရှိမှု ၆၅၇ မှု၊ သေဆုံးသူ ၃၁၉ ဦးရှိကြောင်းသိရသည်။

အဆိုပါယာဉ်အန္တရာယ်ဖြစ်စဉ်ကို လေ့လာကြည့်လျှင် မော်တော်ယာဉ် အချင်းချင်း တိုက်မိမှုထက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုအားနည်း သောကြောင့် လမ်းမများပေါ်တွင် ယာဉ်တိုက်ခံရသဖြင့် သေဆုံးသူနှင့်ထိခိုက် ဒဏ်ရာရရှိသူ ပိုမိုများနေသည်ကို တွေ့ရသည်။ ယာဉ်မောင်းသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုအပိုင်းတွင် အားနည်းခြင်း၊ ယာဉ်မောင်း နေစဉ် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို ကြိုတင်အလေးထားသတိမမူခြင်းနှင့် ပြည်သူများအနေဖြင့် လမ်းစည်းကမ်းများကို အလေးထားဂရုစိုက် လိုက်နာမှု အားနည်းခြင်းတို့ကြောင့် အန္တရာယ်များဖြစ်ပေါ်လာခြင်းဖြစ်သည်။

ယာဉ်အန္တရာယ်ကင်းဝေးရေးကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိကျွမ်းကျင်သော ယာဉ်မောင်း များကိုသာ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရေး၊ စည်းကမ်းဖောက်ဖျက်သော ယာဉ်မောင်းများနှင့် လမ်းအသုံးပြုသူများကို အမြဲမပြတ် စစ်ဆေးအရေးယူရေး၊ ယာဉ်တိုက်မှုကျူးလွန်သည့် အပြစ်ရှိသူများကို တရားဥပဒေအရ ထိရောက်သည့် ပြစ်ဒဏ်များချမှတ်ရေး စသည်တို့ကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများက စဉ်ဆက်မပြတ် အလေးထားအကောင် အထည်ဖော် လုပ်ဆောင်လျက်ရှိသည်။

သို့သော် ယာဉ်တိုက်မှုများမှာ နှစ်စဉ်တိုးတက်မြင့်မား ဖြစ်ပေါ်နေဆဲဖြစ်သည်။ ထို့ကြောင့် ယာဉ်မတော်တဆမှုများ မဖြစ်ပွားစေရေးအတွက် ယာဉ်မောင်းများ၏ ကျွမ်းကျင်မှု၊ ယာဉ်များ၏ကြံ့ခိုင်မှု၊ တာဝန်ရှိသူများ၏ ကြိုတင်စစ်ဆေးအရေးယူ ဆောင်ရွက်မှု၊ လမ်းများပတ်ဝန်းကျင်အနေအထား၊ လမ်းများတည်ဆောက်ပုံ အနေအထား၊ လမ်းညွှန်များ၊ အမှတ်အသားများနှင့် မော်တော်ယာဉ်များသွားလာမှု၊ လမ်းအသုံးပြုသူများ သွားလာမှုအချက်ပြစနစ်များကို ပြည့်စုံမှန်ကန်စွာတပ်ဆင် ထားမှုတို့သည် မဖြစ်ခင်က ကြိုတင်ကာကွယ်ရာရောက်သည့်အတွက် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများက စနစ်တကျ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ထားရန် လိုအပ် သည်။

ယာဉ်များနှင့်ယာဉ်မောင်းများလိုက်နာရန် စည်းကမ်းသတ်မှတ်ချက်များ၊ လမ်းအသုံးပြုသူများ လိုက်နာဆောင်ရွက်ရန် စည်းကမ်းသတ်မှတ်ချက်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းအလိုက် ဆောင်ရွက်ရမည့်အချက်များကို အလေးထား လိုက်နာဆောင်ရွက်ကြပါက ယာဉ်တိုက်မှုများ၊ ဒဏ်ရာရရှိမှုများ၊ သေဆုံးမှုများ အမှန်တကယ်လျော့ကျအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာ စီမံခန့်ခွဲရေးဆပ်ကော်မတီ၊ ပညာပေးရေးနှင့်စစ်ဆေးအရေးယူရေး ဆပ်ကော်မတီ၊ သုတေသနပြုရေးနှင့်ကျန်းမာရေးဆပ်ကော်မတီများဖွဲ့စည်းထား ပြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကို ယခုထက်ပိုမိုတိုးမြှင့်ဆောင်ရွက် နိုင်လိမ့်မည်ဟုယုံကြည်သည်။

ယခုအခါ လမ်းများပေါ်တွင် တရားဝင်မှတ်ပုံတင်ထားသော မော်တော်ယာဉ်၊ စက်တပ်ယာဉ်များသာမက တရားမဝင်အနေ့ယာဉ်၊ စက်တပ်ယာဉ်အမျိုးမျိုး ပေါ်များလာခြင်းသည် ယာဉ်အန္တရာယ်ဖြစ်ပွားမှု ပိုမိုဖြစ်ပေါ်လာနိုင်သည်။ အဓိကမှာ ရှုပ်ထွေးများပြားလာသော ယာဉ်အမျိုးမျိုးတို့သည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း များကို လိုက်နာဆောင်ရွက်မှုမရှိခြင်းသည် အန္တရာယ်ကို ဖိတ်ခေါ်နေသကဲ့သို့ ဖြစ်နေသည်။ ဥပမာအားဖြင့် မော်တော်ယာဉ်များအနေဖြင့် မြို့တွင်း၌ သတ်မှတ် လမ်းကြောင်း၊ သတ်မှတ်အရှိန်နှုန်းထားများအတိုင်း မောင်းနှင်မှုမရှိခြင်း၊ ယာဉ်များ သတ်မှတ်ထားသည့်အတိုင်း ရပ်နားမှုမရှိခြင်းတို့သည် ယာဉ်အန္တရာယ်ကိုဖြစ်စေ သည်။

လမ်းအသုံးပြုသူများအနေဖြင့် သတ်မှတ်ထားသော လူကူးမျဉ်းကျားမှ လမ်းဖြတ်ကူးခြင်း၊ မီးပွိုင့်များ၊ လမ်းများပေါ်၌ လူကူးရန်သတ်မှတ်ထားသည့် အချက်ပြစနစ်အတိုင်း လိုက်နာဆောင်ရွက်ခြင်း၊ လူကူးခုံးကျော်တံတား၊ လူကူး မြေအောက်လမ်းတို့မှ လမ်းဖြတ်ကူးခြင်းစသည်တို့ကို လိုက်နာဆောင်ရွက်ရန် အားနည်းနေကြသည်ကို တွေ့ရမည်ဖြစ်သည်။ မော်တော်ယာဉ်အချက်ပြစနစ်များ၊ မော်တော်ဆိုင်ကယ်စီးဦးထုပ်များကို သတ်မှတ်ထားသည့်အတိုင်း အသုံးမပြုခြင်း တို့သည် အန္တရာယ်ဖြစ်မှုကို ပိုများစေသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာဆောင်ရွက်မှု အားနည်းချက်များ ကြောင့် နှစ်စဉ် ယာဉ်တိုက်မှုအမျိုးမျိုးဖြစ်ပွားလျက်ရှိပြီး လူ့အသက်များ သေဆုံး ခြင်း၊ လူ့ခန္ဓာကိုယ်များ ပျက်စီးဆုံးရှုံးဒဏ်ရာရရှိခြင်းများ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာပေရာ တန်ဖိုးရှိသော လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ သို့ဖြစ်ရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာဆောင်ရွက်ရေးအတွက် အသိပညာပေး ရေးနှင့်ကြပ်မတ်အရေးယူဆောင်ရွက်ရေးတို့ကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရန် လိုအပ် နေမည်ဖြစ်ပါကြောင်း။ ။



## ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက် ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာ များ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## တိုက်ကြီးမြို့နယ်၌ အယ်လ်နီညို ရာသီဥတုအကြောင်း အသိပညာပေးဟောပြော

**တိုက်ကြီး အောက်တိုဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ အယ်လ်နီညို ရာသီဥတုအကြောင်း အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက တိုက်ကြီးမြို့နယ် ရင်းတိုက်ကွင်းကျေးရွာရှိ ဒေါ်လီဖိန်းငါးမွေးကန်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးညွန့်ဝင်းက အယ်လ်နီညိုရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်ကြောင့် ငါးလုပ်ငန်းကဏ္ဍအပေါ် သက်ရောက်လာမည့် အခြေအနေများ၊ ကြိုတင်ပြင်ဆင်ကာကွယ်ရမည့်နည်းလမ်း များနှင့် အယ်လ်နီညိုဖြစ်ပွားချိန်နှင့် ဖြစ်ပွားပြီးနောက် ဆောင်ရွက်ရမည့်လုပ်ငန်းများ ဟောပြောဆွေးနွေးခဲ့သည်။



အဆိုပါ အသိပညာပေးဟောပြောပွဲသို့ တိုက်ကြီးမြို့နယ် အတွင်းရှိ မွေးမြူရေးလုပ်ငန်းရှင်များနှင့် ရေလုပ်သား စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြကာ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## (၁၅) ကြိမ်မြောက် မြန်မာနိုင်ငံ၏ အကြီးဆုံးအိမ်ခြံမြေနှင့် ကားအရောင်းပြပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံ၏အိမ်ခြံမြေနှင့်ကားရောင်းဝယ်ငှားဝက်ဘ်ဆိုက် များဖြစ်ကြသော iMyanmarHouse နှင့် CarsDB တို့မှ ကြီးမှူး၍ (၁၅) ကြိမ်မြောက် မြန်မာနိုင်ငံ၏ အကြီးဆုံးအိမ်ခြံမြေနှင့် ကားအရောင်းပြပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Lotte Hotel ၌ ကျင်းပသည်။

အရောင်းပြပွဲကြီးအတွင်းတွင် နာမည်ကြီး ဆောက်လုပ်ရေး




ကုမ္ပဏီများမှ ဆောက်လုပ်ပြီး၊ ဆောက်လုပ်ဆဲ တိုက်ခန်း၊ ကွန်ဒိုနှင့် Luxury ကွန်ဒိုများ၊ မြေကွက်သီးသန့်ဝယ်လိုသူများ အတွက် ခိုင်မာသည့်မြေကွက်များ၊ လုံးချင်းအိမ်များ၊ မြန်မာနိုင်ငံ တစ်ဝန်းရှိ အိမ်ခြံမြေများနှင့် ဗန်ကောက်မြို့ရှိ ကွန်ဒိုများ၊ Nagar Lady Auto Mobile မှ ကားမော်ဒယ်အမျိုးအစားများ၊ နာမည်ကြီးအမှတ်တံဆိပ်ကားများကို လေ့လာဝယ်ယူနိုင်ရန် ပြသထားသည်။

ယင်းအပြင်Official Banking Partner အဖြစ်ပါဝင်သော AYA Bank ၏ပြခန်းနေရာတွင် အိမ်ရာချေးငွေနှင့် ကားချေးငွေ များလည်း တစ်ထိုင်တည်းလျှောက်ထားနိုင်ရန် စီစဉ်ပေးထား ကြောင်းနှင့် အထူးလျှော့ဈေးနှုန်းများ၊ အကောင်းဆုံးငွေချေစနစ် များ၊ နှစ်ရှည်အရစ်ကျစနစ်များ၊ ခိုင်မာမှုရှိသည့် စာချုပ်စာတမ်း များဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် ပြပွဲကို အောက်တိုဘာ ၂၁ ရက်မှ ၂၂ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ နှစ်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** – ဦးစိုးစိုးနိုင် | | **အကြီးတန်း သတင်းထောက်များ** – | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** – ဦးဝင်းနိုင် | | **အငယ်တန်း သတင်းထောက်များ** – | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | | **သုတေသန** – | ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** – ဦးနိုင်လင်းကြည်၊ | | **စာပြင်** – | ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| **စာတည်းများ** ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** – | ဦးကျော်သူရနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** – | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တိုင်းရင်းသားရိုးရာအကအဖွဲ့များ၏ ယဉ်ကျေးမှုပဒေသာကပွဲ ဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးစဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဖောင်တော်ပြန် ဧည့်ရိပ်သာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူတို့က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် တိုင်းရင်းသား ရိုးရာအကအဖွဲ့များ၏ ကိန္နရီကိန္နရာအက၊ ရှမ်းတိုင်းရင်းသားရိုးရာအက၊ တိုးနယားအက၊ အင်းတိုင်းရင်းသား မီးဆုခံအက၊ ခားသိုင်းအက၊ ပအိုဝ်းတိုင်းရင်းသားအက၊ ရှမ်းကြီးအကစသည့် ယဉ်ကျေးမှုပဒေသာကပွဲ ဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးကြသည်။

**ပင့်ဆောင်ပူဇော်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး ဦးဆောင်သည့် အဖွဲ့ဝင်များသည် ဖောင်တော်ပြန် ဧည့်ရိပ်သာမှ ဖောင်တော်ဆိုက်ပြဿဒ်ဆောင်သို့ စက်လှေများဖြင့် ထွက်ခွာရောက်ရှိကြပြီး ကရဝိက်ဖောင်တော်ဖြင့် ရောက်ရှိလာသည့် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညို၍ ညောင်ရွှေမြို့အတွင်း လှည့်လည်အပူဇော်ခံပြီး အဋ္ဌဒိသာဓမ္မဝိဟာရ ကျောင်းတော်ကြီးသို့ ပင့်ဆောင်မည့် ဘော်ယာဉ်ပေါ်သို့ အသီးသီး ပင့်ဆောင်ပူဇော်ကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲ ယှဉ်ပြိုင်လှော်ခတ်မှုများကို တက်ရောက်ကြည့်ရှုအားပေးကြသည်။ အဆိုပါပြိုင်ပွဲတွင် အမျိုးသား(၄၆)တက် အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲ၊ အမျိုးသားရာကျော်လှေ အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ၊ အမျိုးသား တစ်ဦးချင်း အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲ၊ အမျိုးသမီး(၂၆) တက် အင်းသားရိုးရာလှေလှော် ပြိုင်ပွဲများအား အသီးသီးယှဉ်ပြိုင်လှော်ခတ်ကြသည်။

အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အင်းလေးသား၊ အင်းလေးသူတို့သည် ပြိုင်ပွဲအမျိုးအစားအလိုက် အနိုင်မခံ အရှုံးမပေးသည့် စိတ်ဓာတ်များဖြင့် ခြေထောက်ကို အသုံးပြု၍ လှေကိုလှော်ခတ်ကြပြီး အားကြိုးမာန်တက် ယှဉ်ပြိုင်ခဲ့ကြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက် လာကြသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ပြည်တွင်း ပြည်ပမှ လာရောက်လည်ပတ်သူများက လက်ခုပ်လက်ဝါးများတီး၍ တစ်ခဲနက် အားပေးခဲ့ကြသည်။

အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲကို ဆက်လက် ကျင်းပပြုလုပ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဆွမ်းပို့လှေဂုဏ်ပြုဆုများကို လည်းကောင်း၊ ဒုတိယဝန်ကြီးချုပ်နှင့်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က လှေယာဉ်ဂုဏ်ပြုဆုများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ခွန်စံလွင်က တစ်ဦးချင်းအင်းသားရိုးရာလှေပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများကို လည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက အမျိုးသား(၄၆) တက်

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားရာကျော်လှေပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကေလာကျေးရွာအသင်းအား ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။



**ပေးအပ်ချီးမြှင့်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ အမျိုးသမီး (၂၆) တက် လှေလှော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အိုင်ထောင့်ကြီးကျေးရွာ(ခ) အသင်းအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ ယှဉ်ပြိုင်လှော်ခတ်မှုအား ကြည့်ရှုအားပေးစဉ်။

☆ စာမျက်နှာ ၃ မှ

လှေလှော်ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသည့် အသင်းများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးက အမျိုးသားရာကျော် လှေလှော်ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသည့် အသင်းများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦးက တစ်ဦးချင်း အင်းသားရိုးရာလှေပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသူများကိုလည်းကောင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးက အမျိုးသား (၄၆)တက် လှေလှော်ပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် အသင်းများကို လည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားအား ရွှေသင်္ကန်းများ ကပ်လှူပူဇော်စဉ်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက အမျိုးသမီး(၂၆)တက်လှေလှော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် မိုင်းသောက်အင်းကျေးရွာအသင်းနှင့် ပထမဆုရရှိသည့် အိုင်ထောင့်ကြီးကျေးရွာ(ခ) အသင်းတို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားရာကျော် လှေပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရွှေပြည်သာကျေးရွာအသင်းနှင့် ပထမဆုရရှိသည့် ကေလာကျေးရွာအသင်းတို့အား ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်ထံသို့ ရှမ်းပြည်နယ် ဝန်ကြီးချုပ်က အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲ အထိမ်းအမှတ် လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

အင်းသားလှေလှော် ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနား တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ရာ ဒေသခံတိုင်းရင်းသား ပြည်သူများက ရိုးရာအိုးစည် ဗုံမောင်းများ တီးမှုတ်၍ လိုက်လှဲနွေးထွေးစွာ ပြန်လည်ဂါရဝပြု နှုတ်ဆက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူတို့က ညောင်ရွှေမြို့ ကန်ကြီးကျောင်းတိုက်ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ပညာဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

**ကြိုဆိုဖူးမြော်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး ဦးဆောင်သည့် အဖွဲ့ဝင်များသည် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားခေတ္တကိန်းဝပ် စံပယ်တော်မူမည့် အဠဒီသာဓမ္မဝိဟာရ ကျောင်းတော်ကြီးသို့ ရောက်ရှိကြပြီး အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရောက်ရှိလာမှုများအားကြိုဆိုဖူးမြော်၍ သံဃာတော်များက အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားအား ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားအား ဆွမ်း၊ သောက်တော်ရေချမ်း၊ ပန်းနှင့် ဆီမီးတို့ ကပ်လှူပူဇော် ဖူးမြော်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားအား ရွှေသင်္ကန်းများကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြသည်။

**ငါးပါးသီလခံယူဆောက်တည်**

ဆက်လက်၍ အင်းလေးဖောင်တော်ဦး ရုပ်ပွားတော်မြတ်များ ညောင်ရွှေစံကျောင်း တော်ဝင်ပွဲ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူတို့က ညောင်ရွှေမြို့ ကန်ကြီးကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ပညာဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော် သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များက ဆရာတော်ကြီးများထံသို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား ပြည်သူများသည် ကန်ကြီးကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာ တရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က အဠဒီသာဓမ္မဝိဟာရဒေသစာရီကျောင်းတော်ကြီး ဘက်စုံမွမ်းမံ ထိန်းသိမ်းပြုပြင်စောင့်ရှောက်ရန်အတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး ဦးဆောင်သည့် အဖွဲ့ဝင်များသည် ယမန်နေ့ညနေပိုင်းတွင်လည်း တောင်ကြီးမြို့

စာမျက်နှာ ၅ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

☆ စာမျက်နှာ ၄ မှ

ကျိုက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးနှင့် စူဠာမုနိလောကချမ်းသာ စေတီတော်တို့သို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးဂေါပကအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ပြီး စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် စေတီတော်မြတ်ကြီးပေါ်ရှိ ရှုခင်းသာ view point မှတစ်ဆင့် တောင်ကြီးမြို့၏ အလှအပများကို ကြည့်ရှုကာ တောင်ကြီးမြို့သည် မိမိတို့နိုင်ငံရှိ အထင်ကရမြို့ကြီးများတွင် ပါဝင်ပြီး စည်းကမ်းစနစ်တကျရှိသည့်မြို့၊ သန့်ရှင်းသာယာလှပသည့်မြို့ဖြစ်စေရေး အားလုံးကဝိုင်းဝန်းဆောင်ရွက်ကြရန်လိုသည့် အခြေအနေများ၊ မြို့၏ သဘာဝအရင်းအမြစ်များ မပျောက်ပျက်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲမှုရှိအောင် ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများနှင့် မြစိမ်းတောင် တောင်တက်လမ်းကိုယခုထက်ပြေပြစ်ချောမွေ့သည့် လမ်းကြောင်းအဖြစ် ပြန်လည်ပြုပြင်နိုင်ရေးနှင့် မြို့လယ်ဗိုလ်ချုပ်လမ်းမကြီးအား အဆင့်မြှင့်တင်နိုင်ရေး သုတေသနပြုဆန်းစစ်သွားရန် လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့သည်။

**ဘက်စုံအလှူငွေများ ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လက်ခံရယူခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး ပူဇော်ခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ကြီးမြို့ ကျိုက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လှည်ဖူးမြော်ကြည်ညိုစဉ်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စူဠာမုနိ လောကချမ်းသာစေတီတော်သို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးညိုလုံးနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ သောက်တော်ရေချမ်း ကပ်လှူပူဇော်သည်။

**ဖူးမြော်ကြည်ညို**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်လိုဏ်အတွင်းနှင့် အပြင်ပတ်လမ်းတို့အား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယခုနှစ် မေလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်ဖူးမြော်စဉ် ပြုပြင်မွမ်းမံထိန်းသိမ်းရန် မှာကြားချက်များအား ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လိုက်လံရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စေတီတော်ကြီး ရေရှည် တည်တံ့ခိုင်မြဲရေးနှင့် ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းသာစွာဖူးမြော်ကြည်ညိုနိုင်ရေး စဉ်ဆက်မပြတ်ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်သည်များကို မှာကြားသည်။ ထို့သို့ လှည့်လည်ဖူးမြော်စဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ဘုရားဖူးလာ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။ ထို့နောက် စူဠာမုနိလောကချမ်းသာ စေတီတော် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးပူဇော်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ကြီးမြို့ ကျိုက်သရေဆောင် စူဠာမုနိလောကချမ်းသာစေတီတော်ကြီးအား လှည့်လှည်ဖူးမြော်ကြည်ညိုစဉ်။

## မွန်ပြည်နယ်အတွင်းရှိ ဥပဒေရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲ ကျင်းပ

မော်လမြိုင် အောက်တိုဘာ ၂၁

မွန်ပြည်နယ်အတွင်းရှိ အဆင့်ဆင့်သောဥပဒေရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို ယနေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ်ဥပဒေချုပ်ရုံးရှိ သင်တန်းခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်က အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ မွန်ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်နှင့် မွန်ပြည်နယ်ဥပဒေအရာရှိ ဒေါ်မိုးနှင်းလွင်၊ မွန်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဥပဒေအရာရှိများနှင့် မွန်ပြည်နယ်အတွင်းရှိ အဆင့်ဆင့်သော ဥပဒေရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဥပဒေရုံးများမှ သင်တန်းသား သင်တန်းသူ အမှုထမ်း ၄၀ တို့ တက်ရောက်ကြပြီး သင်တန်းကို အောက်တိုဘာ ၂၁ ရက်မှ ၂၃ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# နိုင်ငံ၏လူဦးရေအပေါ်မူတည်၍ တစ်နေ့လျှင် လိုအပ်နိုင်မည့် အသား၊ ငါး၊ ဥအမျိုးမျိုးတို့ကို စနစ်တကျသုံးသပ်တွက်ချက်၍ မွေးမြူရေးဇုန်များ တိုးချဲ့နိုင်ရေးနှင့် တိုးချဲ့မွေးမြူနိုင်ရေးကို ဆောင်ရွက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အေးသာယာစက်မှုဇုန်အတွင်းရှိ ရှမ်းရိုးမမွေးမြူရေးဇုန် ရှင်းလင်းဆောင်၌ တာဝန်ရှိသူများအား ဆွေးနွေးပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၂၁

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ အေးသာယာစက်မှုဇုန် အတွင်းရှိ ရှမ်းရိုးမမွေးမြူရေးဇုန် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ ရှမ်းရိုးမမွေးမြူရေးဇုန် ရှင်းလင်းဆောင်၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာဝင်းဇင်မောင်က ရှမ်းရိုးမမွေးမြူရေးဇုန်ဆိုင်ရာ အချက်အလက်များနှင့် ဇုန်အတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ မွေးမြူရေးဇုန်အတွင်း လုပ်ငန်းကော်မတီဖွဲ့စည်း၍ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်လျက်ရှိမှု၊ တိရစ္ဆာန် ကျန်းမာရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ စောင့်ရှောက်ရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ ဇုန်အတွင်း ဥစားကြက်မွေးမြူထားရှိမှု၊ နှစ်အလိုက် ကြက်ခြံအရေအတွက်နှင့် ကောင်ရေတိုးတက်လာမှုအခြေအနေများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကြက်ဥများ ဖြန့်ဖြူးပေးလျက်ရှိမှု၊ အဆင့်မြင့် နည်းပညာအသုံးပြု ဥစားကြက်ခြံများ ဆောင်ရွက်လျက်ရှိမှု၊ မွေးမြူရေးဇုန်အတွင်း ဖြစ်ပေါ်လာနိုင်သည့် ရောဂါများဆိုင်ရာ အသိပညာပေး ဟောပြောမှုများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

## မေးမြန်းဆွေးနွေး

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မွေးမြူရေးဇုန်အတွင်း အစာထုတ်လုပ်မှု၊ ကျွေးမွေးမှုနှင့် ရေပြည့်ဝစွာရရှိရေး ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး ယခု အေးသာယာစက်မှုဇုန် အတွင်းရှိ ရှမ်းရိုးမမွေးမြူရေးဇုန်တွင် လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် အားပေးရန်အတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေသထွက် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို အခြေခံသည့် စက်မှုလုပ်ငန်းများ လုပ်ဆောင်နိုင်ရေးအတွက် အေးသာယာစက်မှုဇုန်ကိုအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နို့နှင့် နို့ထွက်ပစ္စည်းများကို ပြည်ပမှ တင်သွင်းနေရမှု လျော့နည်းသွားစေရန် အတွက် နို့စားနွားမွေးမြူရေးကို ဆောင်ရွက်ကြရန် ဦးစွာရည်ရွယ်ခဲ့သော်လည်း ဒေသခံများ ပိုမိုစိတ်ဝင်စားသည့် ဥစားကြက် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများကြောင့် အခက်အခဲများ ဖြစ်ပေါ်ခဲ့ချိန်တွင် အေးသာယာစက်မှုဇုန်အတွင်းရှိ ရှမ်းရိုးမမွေးမြူရေးဇုန်မှ ကြက်ဥများကိုတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အရေအတွက်များစွာ ဖြန့်ဖြူးပေးနိုင်ခဲ့သည့်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ဖြစ်စေခဲ့ပါကြောင်း၊ ဆက်လက်၍လည်း မွေးမြူရေးဇုန် တိုးချဲ့နိုင်ရေးနှင့် တိုးချဲ့ မွေးမြူနိုင်ရေးအတွက်လည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကြက်ဥလိုအပ်ချက်သည် နေ့စဉ်ရှိနေပြီး ဈေးကွက်လိုအပ်ချက်ကို ပြည့်မီအောင်ထုတ်လုပ်နိုင်မည်ဆိုပါက ကြက်ဥဈေးနှုန်း ကြီးမြင့်မှုကိုလည်း လျော့ချနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏ လူဦးရေအပေါ်မူတည်၍ တစ်နေ့လျှင် လိုအပ်နိုင်မည့် အသား၊ ငါး၊ ဥအမျိုးမျိုးတို့ကို စနစ်တကျ သုံးသပ်တွက်ချက်၍ မွေးမြူရေးဇုန်များ တိုးချဲ့နိုင်ရေးနှင့် တိုးချဲ့မွေးမြူနိုင်ရေးကို ဆောင်ရွက်ကြစေလိုကြောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)အနေဖြင့် အစာစပ်စက်ရုံဆောင်ရွက်ပြီး မွေးမြူရေး အစာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့်အခြေအနေ ရှိပြီးဖြစ်ကြောင်း၊ မွေးမြူရေးအစာထုတ်လုပ်ရန် ဒေသတွင်းထွက်ရှိသည့် ကုန်ကြမ်းများလည်း ရှိပြီးဖြစ်သဖြင့် အစာစပ်စက်ရုံကို စနစ်တကျဆောင်ရွက်ပြီး ဒေသတွင်းနှင့် နိုင်ငံတစ်ဝန်းသို့ ဖြန့်ဖြူးပေးနိုင်ရမည်ဖြစ်ကြောင်း။

## တိုးချဲ့ဆောင်ရွက်သင့်

အေးသာယာ စက်မှုဇုန်သည် တစ်နိုင်ငံလုံးသို့ ကြက်ဥများ အဓိကဖြန့်ဖြူးသည့် နေရာတစ်ခုဖြစ်ကြောင်း၊ ကြက်ခြံများ တိုးချဲ့နိုင်ရေးအတွက်လည်း သမားရိုးကျနည်းလမ်းများအပြင် ခေတ်မီနည်းစနစ်များဖြင့် တိုးချဲ့ဆောင်ရွက်သင့်ကြောင်း၊ အလုံပိတ် အအေးခန်းစနစ်(Evaporated Cooling System)ဖြင့် အဆင့်မြင့်ကြက်မွေးမြူခြင်းသည် အရင်းအနှီးအားဖြင့် များသည်ဖြစ်သော်လည်း ဇီဝလုံခြုံမှုအပြည့်အဝရှိမည်ဖြစ်ပြီး အထွက်နှုန်းကောင်းမွန်ခြင်း၊ အရည်အသွေးမြင့် ကြက်ဥများ ရရှိနိုင်ခြင်းအပြင် အခြားအကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ကြောင်း၊ အေးသာယာစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို နိုင်ငံတော်မှ ဖြည့်ဆည်းပေးမည်ဖြစ်သဖြင့် သက်ဆိုင်ရာဦးစီးဌာနများ၊ ဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့်တို့မှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှမ်းရိုးမမွေးမြူရေးဇုန်အတွင်းရှိ ဒေါက်တာစိုင်းလုံ၏ အလုံပိတ်အအေးခန်းစနစ် (Evaporated Cooling System)ဖြင့် အဆင့်မြင့်ကြက်မွေးမြူရေး ဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် လုပ်ဆောင်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းရိုးမမွေးမြူရေးဇုန်အတွင်းရှိ ဒေါက်တာစိုင်းလုံ၏ အလုံပိတ်အအေးခန်းစနစ်ဖြင့် အဆင့်မြင့် ကြက်မွေးမြူရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုအားပေးစဉ်။

- ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများကြောင့် အခက်အခဲများ ဖြစ်ပေါ်ခဲ့ချိန်တွင် အေးသာယာစက်မှုဇုန်အတွင်းရှိ ရှမ်းရိုးမမွေးမြူရေးဇုန်မှ ကြက်ဥများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရေအတွက်များစွာ ဖြန့်ဖြူးပေးနိုင်ခဲ့သည့်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေခဲ့
- ဆက်လက်၍လည်း မွေးမြူရေးဇုန်တိုးချဲ့နိုင်ရေးနှင့် တိုးချဲ့မွေးမြူနိုင်ရေးအတွက်လည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်

# စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ရာတွင် စဉ်ဆက်မပြတ်သော ထုတ်လုပ်မှုမျိုးဖြစ်စေရေး မွေးမြူမှု၊ စိုက်ပျိုးမှုအချိန်ကာလတို့ကို စနစ်တကျတွက်ချက်ချိန်ညှိ၍ အသုတ်လိုက်မွေးမြူသည့်စနစ်ဖြင့် ထုတ်လုပ်မှုကို ပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နန်းသီတာဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းတွင် ဥစားဘဲများ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် နန်းသီတာဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### ရှင်းလင်းတင်ပြ

ဦးစွာ စိုက်ပျိုးမွေးမြူရေးစခန်း ရှင်းလင်းဆောင်၌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှမိုးနှင့် တာဝန်ရှိသူများက နန်းသီတာ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းအတွင်း မိုးစပါးစိုက်ပျိုးထားရှိမှု၊ ဥစားကြက်နှင့်အသားစားကြက်များ မွေးမြူထားရှိမှု၊ နို့စားနွားများမွေးမြူထားရှိမှု၊ ဥစားဘဲများ မွေးမြူထားရှိမှု၊ DYL ဝက်များ မွေးမြူထားရှိမှု၊ ငါးမွေးမြူရေး ဆောင်ရွက်ထားရှိမှု၊ မြက်ချဉ်ဖတ်စမ်းသပ်ထုတ်လုပ်နေမှု၊ ဆိတ်မွေးမြူရေး ဆောင်ရွက်ထားရှိမှု၊ အစာစပ်လုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် တပ်ရင်းတပ်ဖွဲ့များသို့ ဖြန့်ဖြူးရောင်းချလျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးခြံမှ ထွက်ရှိသည့် အသား၊ ငါး၊ ဥနှင့် အသီးအရွက်များကို တပ်မတော်သားမိသားစုများနှင့် ဝန်ထမ်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော နှုန်းထားများဖြင့် ရောင်းချပေးလျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တပ်မတော်၌ ဘက်စုံ စိုက်ပျိုးမွေးမြူရေး စခန်းများ အကောင်အထည်ဖော် ဆောင်ရွက်စေခြင်းသည် အရာရှိ၊ စစ်သည်များနှင့် တပ်မိသားစုဝင်များ အသားငါးနှင့် ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန် ဖြစ်ပြီး ပိုလျှံပါက ဒေသခံများသို့ ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချနိုင်ခြင်းဖြင့် ဒေသ၏စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ရာတွင် စဉ်ဆက်မပြတ်သော ထုတ်လုပ်မှုမျိုး ဖြစ်စေရေး မွေးမြူမှု၊ စိုက်ပျိုးမှု အချိန်ကာလတို့ကို စနစ်တကျ တွက်ချက် ချိန်ညှိ၍ အသုတ်လိုက် မွေးမြူသည့်စနစ်ဖြင့် ထုတ်လုပ်မှုကို ပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိုးစပါးများ စိုက်ပျိုးရာတွင် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစေရေး မျိုး၊ မြေ၊ ရေ၊ နည်း စသည့် လေးချက်နှင့်အညီ စိုက်ပျိုးဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ နွေစပါး စိုက်ပျိုးမှုများကိုလည်း အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ရန် လိုကြောင်း၊ ဥစားဘဲများကို ယခုထက် ပိုမိုတိုးချဲ့မွေးမြူနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ မွေးမြူရေး လုပ်ငန်းများအတွက် လိုအပ်သည့်အစာများ ရရှိနိုင်ရေး ဒေသတွင်းရရှိနိုင်သည့် ကုန်ကြမ်းများ အသုံးပြုကာ အဆင့်မီအစာ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း။

နွားနို့နှင့် အသားထွက်နှုန်းကောင်းမွန်ရေး ဆောင်ရွက်ရန် အတွက် အစာစပ်သည့်စနစ်တွင် ပါဝင်ရမည့်ပစ္စည်းများ အချိုးအစားမှန်ကန်ရန်နှင့် ရေပေးဝေမှုစနစ်ကျန ဖူလုံရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများမှ အထွက်နှုန်းတိုးအောင် ဆောင်ရွက်ပြီး မိမိတို့၏ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအားလုံး ပြည့်ပြည့်ဝဝ ဖူလုံစွာ စားသုံးနိုင်အောင် ကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ငါးမွေးမြူရေးဆောင်ရွက်ရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသည့် ငါးမျိုးများကို သုတေသနပြု မွေးမြူဆောင်ရွက်ကြရန် လိုကြောင်း၊ တိုင်းစစ်ဌာနချုပ် အစာစက်ရုံကို တိုးချဲ့ဆောင်ရွက်ပြီး ကွပ်ကဲမှုအောက် တပ်ရင်းတပ်ဖွဲ့များ၊ သင်တန်းကျောင်းများမှ မွေးမြူရေး လုပ်ငန်းများအတွက် လိုအပ်သည့် မွေးမြူရေးအစာများကို ဖြန့်ဖြူးပေးနိုင်ရမည် ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နန်းသီတာဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းတွင် ဥစားကြက်မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

### စံပြဖြစ်နေရမည်

နန်းသီတာ ဘက်စုံစိုက်ပျိုး မွေးမြူရေး စခန်းအနေဖြင့် သက်တမ်းရင့် စိုက်ပျိုးမွေးမြူရေး စခန်းဖြစ်ပြီး အတွေ့အကြုံများစွာ ရှိပြီးဖြစ်ကြောင်း၊ တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းများသည် စံပြဖြစ်နေရမည်ဖြစ်ပြီး တာဝန်ပေးအပ်ရာတွင်လည်း အမှန်တကယ်အလုပ်လုပ်နိုင်သည့်သူများကိုသာ ရွေးချယ်တာဝန် ပေးအပ်သွားရန်လိုကြောင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များကို တတ်နိုင်သမျှ နည်းပါးအောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ ပေးနိုင်မည်ဖြစ်သဖြင့် သက်သာချောင်ချိရေးကို များစွာ အထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း၊ တိုင်းစစ်ဌာနချုပ်အဆင့် စိုက်ပျိုး မွေးမြူရေးစခန်း ဖြစ်သဖြင့် မှန်ကန်ကောင်းမွန်သည့် လုပ်ငန်းဆောင်ရွက်မှုစနစ် ရှိရမည်ဖြစ်ကာ မြေကို အကျိုးရှိရှိ အသုံးချနိုင်ရမည် ဖြစ်ကြောင်း၊ ရေကိုအကျိုးရှိရှိ အသုံးချနိုင်ရေး အတွက် စနစ်ကျနသည့်ရေသုံးစွဲမှု စနစ်ရှိရန်လိုကြောင်းနှင့် အခြား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နန်းသီတာ ဘက်စုံ စိုက်ပျိုးမွေးမြူရေး စခန်းအမှတ် (၁) နှင့် (၂)တို့အတွင်း ဝက်၊ ဘဲ၊ နွားနှင့် ဥစားကြက်မွေးမြူထားရှိမှုတို့အပါအဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေး ဆောင်ရွက်ထားရှိမှုများအား လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ခံများက အသီးသီး ရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နန်းသီတာ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းတွင် နွားများ မွေးမြူထားရှိမှုကို တွေ့ရစဉ်။

# နယ်ချဲ့မီဒီယာ၊ ဒီမိုကရေစီ၊ ရေနံနိုင်ငံရေး၊ အကြမ်းဖက်မှုဝေါဟာရရှင်းတမ်း

**(ယမန်နေ့မှအဆက်)**

ဆရာကြီးက ဤစာရေးသူဖတ်ရန်ဟုပြောကာ အမေရိကန်မှ ဘာသာဗေဒပါမောက္ခ စာရေးဆရာ ပညာရှင် နိုအမ်ချွမ်စကီး(Noam chumski) ရေးသားသော အရှေ့တောင်အာရှနိုင်ငံများတွင် အမေရိကန် မွေနှောက်နေပုံ စာအုပ်တစ်အုပ်ပေးခဲ့သည်။

ထိုစာအုပ်ကိုဖတ်ပြီး အသက် ၈၀ ကျော် ဘာသာဗေဒပါမောက္ခ အမေရိကန်စာရေးဆရာကြီး နိုအမ်ချွမ်စကီး၏လက်ရာကို သဘောကျသွားသဖြင့် နိုအမ်ချွမ်စကီး၏ ရေးသားသော စာအုပ် ၁၅ အုပ်ခန့် ရအောင် ရှာဝယ်စုဆောင်းလေ့လာခဲ့သည်။ အချို့ကို ထုတ်နုတ်ရေးသားခဲ့သည်။ ၂၄-၁၁-၂၀၁၂ ရက်နေ့က နေပြည်တော် အမျိုးသားစာကြည့်တိုက်သို့ ဤစာရေးသူ၏ကိုယ်ပိုင်စာကြည့်တိုက်တစ်ခုလုံး ပေးအပ်လှူဒါန်းရာ၌ ထိုစာအုပ်များပါသွားခဲ့ပါပြီ။ ယင်းစာအုပ်များတွင် PERILOUS POWER (အန္တရာယ်ကြီးမားသော အာဏာပါဝါ) စာအုပ်ကို ပါမောက္ခနိုအမ်ချွမ်စကီး (ယနေ့ဆိုလျှင် အသက် ၉၀ ကျော် ၁၀၀ အတွင်း) နှင့် ယခုအခါ ပြင်သစ်နိုင်ငံ ပါရီတက္ကသိုလ်တွင် နိုင်ငံရေးနှင့် နိုင်ငံတကာ ဆက်ဆံရေးဘာသာ ပို့ချနေသော ပါမောက္ခ ဂီးလ်ဘတ်အက်ချ်ကာ (GILBERT ACHCAR)တို့ ပူးပေါင်းရေးသားပြီး စတီဗင်အာရ်ရှာလွမ်က အမှာစာရေးသားထားပါသည်။ (STEPHEN R. SHALON)။ ထိုစာအုပ်မှ ရှာလွမ်၊ အက်ချ်ကာနှင့် နိုအမ်ချွမ်စကီးတို့ အပြန်အလှန်ဆွေးနွေးကြပုံကို ထုတ်နုတ်တင်ပြအပ်ပါသည်။ ဖတ်ရှုကြည့်တော်မူကြပါကုန်။ စတီဗင်အာရ်ရှာလွမ်မှာ အမေရိကန် နယူးဂျာစီ ဝီလျံပတ်တာဆင်တက္ကသိုလ်မှ ပါမောက္ခ ဖြစ်သည်။

**(ရှာလွမ်)** "အကြမ်းဖက်မှုဆိုတဲ့စကားလုံးကို ကျိုးကြောင်းဆီလျော်အောင် ဘယ်လိုအဓိပ္ပာယ် ဖွင့်ကြမလဲ။"

**(ချွမ်စကီး)** "၁၉၈၁ ခုနှစ်ကတည်းက အကြမ်းဖက်မှုအကြောင်း ကျွန်တော်ရေးခဲ့တာပါဗျာ။ အဲဒီတုန်းက အမေရိကန်သမ္မတ ရော်နယ်ရီဂင်နဲ့ နိုင်ငံခြားရေးဝန်ကြီး ဂျော့ရှုလ်ဇ် (SHULTZ) တို့ အစိုးရလူကြီးများကိုယ်တိုင် ဦးဆောင်ညွှန်ကြားတဲ့ နိုင်ငံတကာအကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ပွဲဆင်နွှဲရမယ်လို့ နိုင်ငံအချို့ကို ရည်ရွယ်ပြောကြားခဲ့တယ်။ အကြမ်းဖက်မှုဟာ ဒီနေ့ခေတ်ရဲ့ ပလိပ်ရောဂါ(ကူးစက်မြန်ပြီး မချိမဆံ့ခံစားသေဆုံးလွယ်သောရောဂါ)ဖြစ်တယ်။ ဘာဘေးရီးယန်း လူရိုင်းကြီးတွေရဲ့ခေတ်ကို တစ်ကျော့ပြန် ရောက်လာနေပြီ။ အကြမ်းဖက်မှုတွေ ကူးစက်ပျံ့နှံ့လာပေပြီ စတဲ့ စကားတွေ အများကြီးပြောခဲ့ကြတယ်။ ကျွန်တော်တို့ဖွင့်ဆိုတဲ့ အကြမ်းဖက်မှုအဓိပ္ပာယ်ကတော့ နိုင်ငံရေးအရ၊ ဘာသာရေးအရ၊ သဘောတရား (အယူဝါဒရေးရာ)အရ ကိုယ်ထိလက်ရောက်တိုက်ခိုက်လာရင် သို့မဟုတ် တိုက်ခိုက်မယ်လို့ ခြိမ်းခြောက်ရင် အကြမ်းဖက်မှုပဲဖြစ်တယ်။"

"သမ္မတ ရီဂင်အစိုးရက ဖိအားပေးမှုကြောင့် ၁၉၈၇ ခုနှစ် ဒီဇင်ဘာလမှာ ကုလသမဂ္ဂအထွေထွေညီလာခံက အကြမ်းဖက်မှုတိုက်ဖျက်ရေးကို အစိုးရများ ပူးပေါင်းလုပ်ဆောင်ရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ချခဲ့တယ်။ အဲဒီဆုံးဖြတ်ချက်ကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၁၅၃ နိုင်ငံက ထောက်ခံမဲပေးခဲ့တယ်။ (အဖွဲ့ဝင်အားလုံးရဲ့ လေးပုံသုံးပုံ ထောက်ခံမဲဖြစ်သည်) ကန့်ကွက်ခဲ့တဲ့ နှစ်နိုင်ငံကတော့ အမေရိကန်ပြည်ထောင်စုနဲ့ အစ္စရေးနိုင်ငံတို့ပဲဖြစ်တယ်။ အဲဒီဆုံးဖြတ်ချက်မှာ 'ယခုဆုံးဖြတ်ချက်သည် နိုင်ငံများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းဆုံးဖြတ်ခွင့်၊ လွတ်လပ်ခွင့်တို့ကို ကုလသမဂ္ဂပဋိညာဉ်စာချုပ်အရ ကြိုးပမ်းလုပ်ဆောင်မှုများကို မထိခိုက်စေရ'လို့ ဆိုပါတယ်။

အဲဒီလိုပါတာကို အမေရိကန်နဲ့အစ္စရေးတို့က မကြိုက်ကြဘူး။ တိုင်းတစ်ပါးလက်အောက် ကျရောက် ကျွန်ဖြစ်နေရတဲ့လူမျိုးတွေ၊ အဲဒီပြည်သူတွေရဲ့ လွတ်လပ်ရေးပြန်ရအောင် တိုက်တာတွေဟာ အကြမ်းဖက်မှုမဟုတ်ဘူးလို့ ကုလသမဂ္ဂ ဆုံးဖြတ်ချက်က ဆိုလိုတာပါပဲ။ အမေရိကန်နဲ့ အစ္စရေးဟာ သူတို့ ကျူးကျော်သိမ်းပိုက်ထားတဲ့ ဒေသကလူတွေ လွတ်လပ်ရေးအတွက် တော်လှန်တယ်ဆိုတာ လက်မခံနိုင်ကြဘူးလေ။"

**(အက်ချ်ကာ)** "ဥရောပနိုင်ငံများသမဂ္ဂ ၂၀၀၆ ခုနှစ် ဇွန်လမှာ အကြမ်းဖက်မှုနဲ့ပတ်သက်ပြီး အဓိပ္ပာယ်ဖွင့်ခဲ့တယ်။ ဥရောပသမဂ္ဂ EU ကတော့ အကြမ်းဖက်မှုဆိုတာ စီးပွားရေးထိခိုက်စေရန် ပုဂ္ဂလိကပိုင်ပစ္စည်းကိုဖြစ်စေ ဖျက်ဆီးခြင်း၊ ဖျက်ဆီးပစ်ရန်ကြံကာ ခြိမ်းခြောက်ခြင်းတို့ ပါဝင်သည်"တဲ့ဗျာ။

> **နိုင်ငံတစ်ခုရဲ့ အစိုးရအပေါ် မိမိတို့ ဩဇာလွှမ်းမိုးလိုတဲ့ ရည်ရွယ်ချက်နဲ့ဖြစ်စေ အင်အားသုံး တိုက်ခိုက်တာမျိုး။ အဲဒီလို အင်အားသုံး တိုက်ခိုက်မယ်လို့ ခြိမ်းခြောက်တာမျိုး။ တကယ်တမ်းတော့လည်း အရပ်သားပြည်သူတွေကို အဓိကတိုက်ခိုက်တာက တကယ့် အကြမ်းဖက်မှုပဲ။**
>
> **အာဖဂန်စစ်ပွဲဟာ အမေရိကန်ရဲ့ ကြီးမားသော ရာဇဝတ်မှုတစ်ခုပဲ။ အမေရိကန်က အာဖဂန်ကို ကျူးကျော်ဗုံးကြဲပြီး အာဖဂန်အရပ်သားပြည်သူငါးသန်းကို ဆောင်းရာသီမတိုင်မီနဲ့ ဆောင်းရာသီမှာ ငတ်သေအောင်လုပ်ခဲ့တာ။ ငါးသန်းဆိုပေမယ့် တကယ်ငတ်သေစရာရှိရင် သေမယ့်အရေအတွက်က ခုနစ်သန်းငါးသိန်းရှိ**

**စွဲချက်တင်အပြစ်ပေး**

**(ချွမ်စကီး)** "သူတစ်ပါးနိုင်ငံကို အင်အားသုံးပြီး နိုင်လိုမင်းထက် ကျူးကျော်တိုက်ခိုက် (သိမ်းပိုက်) ခြင်းဟာလည်း အကြမ်းဖက်တာပဲဗျာ။ ဒုတိယကမ္ဘာစစ်အတွင်း ဂျာမန်နာဇီတွေ ကျူးလွန်ခဲ့တဲ့ စစ်ရာဇဝတ်မှုတွေကို ၁၉၄၅ ခုနှစ်မှာ နူရင်ဘတ်ခုံရုံးဖွင့်စစ်ဆေးတော့ အကျိုးဆောင် (ရှေ့နေချုပ်) လုပ်ခဲ့တဲ့ ရောဘတ်ဂျက်ဆန်က ကျူးကျော်မှုအဓိပ္ပာယ်ကို အခုကျွန်တော်ပြောသလိုဖွင့်ခဲ့တယ်။ ဒါကြောင့်လည်း ဒုတိယကမ္ဘာစစ်ကြီးဖန်တီးပြီး နိုင်ငံများစွာကို အင်အားသုံး ကျူးကျော်တိုက်ခိုက် ညှဉ်းပန်းမှုတွေလုပ်ခဲ့လို့ နာဇီဂျာမန်၊ အီတလီဖက်ဆစ်၊ ဂျပန်ဖက်ဆစ်ကောင်တွေကို နူရင်ဘတ်စစ်ခုံရုံး၊ တိုကျိုစစ်ခုံရုံးတွေက စွဲချက်တင်အပြစ်ပေးခဲ့တာပေါ့။ ၁၉၇၄ ခုနှစ်က ကုလသမဂ္ဂအထွေထွေညီလာခံမှာ ကျူးကျော်မှု အနက်အဓိပ္ပာယ်ဖွင့်ဆိုတဲ့ အထက်ပါမူကို အတည်ပြုခဲ့တယ်။ ဒါပေမဲ့ အလုပ်မဖြစ်ပါဘူးဗျာ။ အဲဒီ ကုလသမဂ္ဂဆုံးဖြတ်ချက်ကိုသာ ဆုပ်ကိုင်အကောင်အထည်ဖော်တယ်ဆိုရင် အမေရိကန်သမ္မတအားလုံး စစ်ရာဇဝတ်ကောင်တွေအဖြစ် ခုံရုံးတင်စစ်ဆေး အပြစ်ပေးခံရတော့မှာပေါ့"

**(အက်ချ်ကာ)** "၂၀၀၅ ခုနှစ် နိုဝင်ဘာလ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့မှာ နိုင်ငံတကာအစည်းအဝေး ကျင်းပရာမှာ လက်ရှိ အမေရိကန်အလိုကျ ရွေးခန့်ထားတဲ့ အီရတ်အစိုးရလည်း ပါတယ်လေ။ တိုင်းတစ်ပါးက ကျူးကျော်တိုက်ခိုက်သိမ်းပိုက်မှုကို သက်ဆိုင်ရာပြည်သူတွေ (နိုင်ငံတွေ)က ခုခံတွန်းလှန်တိုက်ခွင့်ရှိတယ်။ ဒါဟာ အကြမ်းဖက်မှုမဟုတ်ဘူး။" (မိမိတို့အချုပ်အခြာအာဏာပိုင်နိုင်ငံကို အန္တရာယ်ပြုရင် ကာကွယ်ခွင့်ရှိတယ်)လို့ အဲဒီအစည်းအဝေးမှာ တင်ပြကြ၊ ဆွေးနွေးကြတယ်။ အဲဒီသဘောတရားအရ အမေရိကန်ရဲ့ အီရတ်နိုင်ငံအပေါ် ကျူးကျော်သိမ်းပိုက်မှုကို အီရတ်ပြည်သူတွေမှာ တွန်းလှန်ခွင့်ရှိတယ်ဆိုတာ ပေါ်လွင်လာတာပါပဲဗျာ။"

**အရပ်သားများကို**
**ပစ်မှတ်ထားတိုက်ခိုက်**

**(ချွမ်စကီး)** "လမ်းပေါ်မှာ လူတစ်ယောက်ကို သေနတ်နဲ့ပစ်သတ်တာဟာ လူသတ်မှုသက်သက်ပဲ၊ အကြမ်းဖက်မှုမဟုတ်ဘူး။ အကြမ်းဖက်မှုဆိုတာ အင်အားသုံးပြီး အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်တာမျိုး။ သဘောတရားရေးအရ၊ ဘာသာရေးအရ၊ နိုင်ငံရေးအရ သို့မဟုတ် အခြားရည်ရွယ်ချက်နဲ့ဖြစ်စေ၊ နိုင်ငံတစ်ခုရဲ့ အစိုးရအပေါ် မိမိတို့ဩဇာလွှမ်းမိုးလိုတဲ့ ရည်ရွယ်ချက်နဲ့ဖြစ်စေ အင်အားသုံးတိုက်ခိုက်တာမျိုး။ အဲဒီလိုအင်အားသုံးတိုက်ခိုက်မယ်လို့ ခြိမ်းခြောက်တာမျိုး။ တကယ်တမ်းတော့လည်း အရပ်သားပြည်သူတွေကို အဓိကတိုက်ခိုက်တာက တကယ့်အကြမ်းဖက်မှုပဲ။ အမေရိကန်အစိုးရကိုယ်တိုင်က အကြမ်းဖက်မှုဆိုတာ ဘာလဲလို့ အနက်ဖွင့်ထားတယ်လေ။ အဲဒီဖွင့်ဆိုချက်ဟာ လေထဲမှာ ပျောက်သွားပြီး သူတို့အဓိပ္ပာယ်ဖွင့်တဲ့အတိုင်းဆိုရင် အမေရိကန်အစိုးရတွေရဲ့ လုပ်ရပ်နဲ့ ငြိစွန်းနေတယ်။ အမေရိကန်အစိုးရတွေဟာ အကြမ်းဖက်သမားတွေ ဖြစ်သွားတယ်။"

**(ဤစာရေးသူ၏ ဖြည့်စွက်ချက်။** ၁၉၄၅ ခုနှစ် ဩဂုတ်လ ၆ ရက်နှင့် ၉ ရက်နေ့က အမေရိကန်က ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့နှင့် နာဂါဆာကီမြို့များအပေါ် အဏုမြူဗုံးနှစ်လုံးကြဲချခဲ့ရာ အရပ်သားစုစုပေါင်း ငါးသိန်း သေဆုံးခဲ့သည်။ ဗီယက်နမ်ကို အမေရိကန်က ကျူးကျော်တဲ့စစ်ပွဲမှာ ဗီယက်နမ်ပြည်သူ သုံးသန်းကျော် သေဆုံးခဲ့သည်။ ဗီယက်နမ်မှ မိုင်လေရွာသူရွာသားစုစုပေါင်း ၇၀၀ ကို အမေရိကန်စစ်တပ်က ပစ်သတ်ခဲ့သည်။ အီရတ်စစ်ပွဲ၊ အာဖဂန်စစ်ပွဲ၊ ဟေတီစစ်ပွဲ၊ ပနားမားကျူးကျော်စစ်၊ ဆိုမာလီယာ ကျူးကျော်စစ်တို့မှာ အရပ်သားပြည်သူများ သန်းချီပြီးသေခဲ့ရသည်။ အရပ်သားပစ်မှတ်များကို အဓိကတိုက်ခိုက်သတ်ဖြတ်ရာ၌ အမေရိကန်ကို မည်သည့်နိုင်ငံမျှ မမီပါချေ။)

**(အက်ချ်ကာ)** "အကြမ်းဖက်လုပ်ရပ်ရယ်လို့ အမေရိကန်အစိုးရ၊ ဥရောပသမဂ္ဂ၊ ကုလသမဂ္ဂနဲ့ လူအများကဖွင့်ဆိုထားတဲ့ လုပ်ရပ်မျိုးကို တစ်ဦးချင်း တစ်စုချင်းစီက ကျူးလွန်ရင် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုဖြစ်သွားရာ အစိုးရတွေစုပေါင်းပြီး အကြမ်းဖက်ရင် အစိုးရများအုပ်စု

## တက္ကသိုလ်မြတ်သူ

အကြမ်းဖက်မှုဖြစ်မှာပဲ။ ဥပမာ ၁၉၉၉ ခုနှစ် မတ်လက အမေရိကန်ဦးဆောင်တဲ့ ဥရောပနေတိုးစစ်အုပ်စုက ယူဂိုဆလပ်(ဆားဘီးယား)ကို ကျူးကျော်တိုက်ခိုက်ပြီး အရပ်ဘက်ပစ်မှတ်တွေ ဗုံးကြဲသတ်ဖြတ်ခဲ့တာ အစိုးရများရဲ့ အကြမ်းဖက်မှုပဲပေါ့"

**(ရှာလွမ်)** "၂၀၀၁ ခုနှစ်(အောက်တိုဘာလမှာ) အမေရိကန် အာဖဂန်နစ္စတန်ကို ကျူးကျော်မှုအပေါ် ခင်ဗျားတို့ ဘယ်လိုသုံးသပ်ကြမှာလဲ"

**ကြီးမားသော ရာဇဝတ်မှုတစ်ခု**

**(ချွမ်စကီး)** "ကျွန်တော့်သဘောကတော့ အာဖဂန်စစ်ပွဲဟာ အမေရိကန်ရဲ့ ကြီးမားသော ရာဇဝတ်မှုတစ်ခုပဲ။ အမေရိကန်က အာဖဂန်ကို ကျူးကျော်ဗုံးကြဲပြီး အာဖဂန်အရပ်သားပြည်သူ ငါးသန်းကို ဆောင်းရာသီမတိုင်မီနဲ့ ဆောင်းရာသီမှာ ငတ်သေအောင်လုပ်ခဲ့တာ။ ငါးသန်းဆိုပေမယ့် တကယ်ငတ်သေစရာရှိရင် သေမယ့်အရေအတွက်က ခုနစ်သန်းငါးသိန်းရှိတယ်။ ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့က နယူးယောက်နဲ့ ဝါရှင်တန်မှာ အကြမ်းဖက်တိုက်ခိုက်ခံရပြီး ခုနစ်ရက်အကြာ ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့ထုတ် နယူးယောက်တိုင်းမ်သတင်းစာမှာ သတင်းထောက်ချုပ် ဂျွန်အက်ဖ်ဘန်း (John F. Burs)က သတင်းတစ်ပုဒ်ကို အခုလိုရေးထည့်ခဲ့တယ်ဗျာ။ ဝါရှင်တန် (ဘုရှ်ဂျူနီယာ) ဘွတ်ရှ်အစိုးရက အာဖဂန်နစ္စတန်နိုင်ငံတွင်းမှာ လောင်စာဆီဖြန့်ဖြူးမှုလမ်းကြောင်း မှန်သမျှ ပိတ်ပစ်ဖို့ အာဖဂန်ပြည်သူ ငါးသန်းအတွက် စားနပ်ရိက္ခာနဲ့ ထောက်ပံ့ရေးပစ္စည်း တင်ဆောင်လာတဲ့ မော်တော်ယာဉ်တန်းကြီးကို ပိတ်ဆို့တားမြစ်ဖို့ အမိန့်ပေးထားပြီဆိုသော သတင်းပါပဲဗျာ။"

"အာဖဂန်တာလီဘန်အစိုးရကို ဆန့်ကျင်တဲ့ အတိုက်အခံခေါင်းဆောင် အဗ္ဗဒူဟတ် (Abdul Haq) နဲ့ တော်လှန်သော အာဖဂန်အမျိုးသမီးအဖွဲ့ချုပ် (RAWA) တို့က အမေရိကန်တို့ နေ့ညမပြတ် ဗုံးကြဲချနေမှုကို ဆန့်ကျင်ကန့်ကွက်ကြတယ်။ အဲဒီလို ဗုံးကြဲချနေတဲ့အတွက် အာဖဂန်ပြည်သူတွေအတွင်း တာလီဘန်အစိုးရအပေါ် ဆန့်ကျင်မှုများကိုပါ ယုတ်လျော့လာစေတယ်လို့ ဝေဖန်တယ်။"

၂၀၀၁ ခုနှစ် အောက်တိုဘာ ၇ ရက်နေ့ညကစပြီး အာဖဂန်ကို အမေရိကန်တို့က နေ့ညမပြတ် ဗုံးကြဲခဲ့တယ်။ အောက်တိုဘာ ၂၄ ရက်နေ့နဲ့ ၂၅ ရက်နေ့တွေက ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့မှာ လူ ၁၅၀၀ ကျော်တဲ့ လူထုအစည်းအဝေးကြီး ကျင်းပတယ်။ အာဖဂန်နစ္စတန်က တကယ့်လူမျိုးစုခေါင်းဆောင်တွေ၊ ထင်ရှားတဲ့ အာဖဂန်ပညာရှင်တွေ၊ ပါကစ္စတန်မှာ ရောက်ရှိနေထိုင်တဲ့ အာဖဂန်လူမျိုးတွေ တက်ရောက်ကြတယ်။ နယူးယောက်တိုင်းမ်သတင်းစာပါ သတင်းအရ အဲဒီအစည်းအဝေးမှာ အားလုံးဆန္ဒကတော့ အမေရိကန်တို့ ဗုံးကြဲနေတာရပ်ဆိုင်းဖို့ တစ်ခဲနက်တောင်းဆိုကြတယ်။ ဒါပေမဲ့ သိကြတဲ့အတိုင်း အမေရိကန်ကတော့ ဆက်ပြီး ဗုံးမိုးရွာနေခဲ့တာပဲ"

**(စာရေးသူ၏ ဖြည့်စွက်ချက်။** ။ အမေရိကန်သည် ဗီယက်နမ်စစ်ပွဲတွင် ရှုံးနိမ့်ပြီး အသက်လုထွက်ပြေးခဲ့ရပြီးနောက်ပိုင်း နိုင်ငံများကို ကျူးကျော်တိုက်ခိုက်တိုင်း မြေပြင်စစ်ပွဲကိုရှောင်ပြီး ဝေဟင်မှ ပိုက်ဆံပေါ်တိုင်း ဗုံးတွေတစ်ပြုံတစ်ခေါင်း ထုတ်လုပ်၍ ဝေဟင်(အဝေးမှ) ဗုံးကြဲသော စစ်ပွဲမျိုးကိုသာ ဆင်နွှဲလာခဲ့သည်။ အာဖဂန်တွင်ရှိနေသော အတိုက်အခံ(တာလီဘန်ဆန့်ကျင်ရေး) စစ်သွေးကြွသူပုန်များကို မြေပြင်မှာတိုက်ကြ၊ **စာမျက်နှာ ၉ သို့** ✻

# (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၁**

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဗဟိုအဆင့်ပြိုင်ပွဲများကို နေပြည်တော်တွင် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၄ ရက်မှ စ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်အဖွဲ့များနှင့် အုပ်ချုပ်သူများသည် ယနေ့ နံနက်ပိုင်းမှစတင်၍ တည်းခိုနေထိုင်ကြမည့် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းသို့ ရောက်ရှိကြသည်။

ပြိုင်ပွဲဝင်အဖွဲ့များကို တာဝန်ရှိသူများက နွေးထွေးပျူငှာစွာ ကြိုဆိုနှုတ်ဆက်ကြပြီး သတ်မှတ်ထားသည့် တည်းခိုဆောင်များအလိုက် နေရာချထားပေးကာ နေထိုင်စားသောက်ရေး အဆင်ပြေစေရေးအတွက် ပြင်ဆင်ဆောင်ရွက်ပေးခဲ့ ကြကြောင်း သိရသည်။ **သတင်းစဉ်**



✻ စာမျက်နှာ ၈ မှ

အာဖဂန်တစ်နိုင်ငံလုံးကို တိုက်ခိုက်သိမ်းပိုက်နိုင်သော မူဂျာဟစ်သူပုန်အဖွဲ့အစိုးရဖြစ်မည်ဟုဆိုကာ တိုက်ခိုင်းခဲ့သည်။ ထိုအဖွဲ့များကလည်း တိုက်ပေးကြသည်။ အမေရိကန်တပ်များသည် ထိုနှစ်ဒီဇင်ဘာ ၂၅ ရက်နေ့ မြို့ရွာအားလုံးမှာ တာလီဘန်တို့မရှိတော့မှ လေယာဉ်များဖြင့် အာဖဂန်မြေကို နင်းကြသည်။)

**စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်မှု**

**(အက်ချ်ကာ)** “စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်မှုကို ဦးဆောင်ကျူးလွန်တဲ့ အိုစမာဘင်လာဒင်နဲ့ အယ်လ်ကိုင်ဒါတပ်ဖွဲ့တွေက အာဖဂန်မှာ တာလီဘန်အစိုးရနဲ့အတူ ရှိနေကြတယ်။ ဒါကြောင့် အိုစမာဘင်လာဒင်နဲ့ အယ်လ်ကိုင်ဒါခေါင်းဆောင်တွေ လွှဲပြောင်းပေးအပ်ရမယ်လို့ အမေရိကန်သမ္မတ ဂျော့ဘုရှ် (ဂျူနီယာ)က တောင်းဆိုတယ်။ တာလီဘန်အစိုးရခေါင်းဆောင် မူလာအိုမာက စက်တင်ဘာ ၁၁ ရက်နေ့ အမေရိကန်မှာ တိုက်ခိုက်ခဲ့တဲ့ကိစ္စမှာ အိုစမာဘင်လာဒင် တရားခံဖြစ်ကြောင်း သက်သေပြပါ။ သက်သေပြနိုင်ရင် အိုစမာဘင်လာဒင်ကို လွှဲပေးမယ်လို့ အကြောင်းပြန်တယ်။ အဲဒီအချိန်က အမေရိကန်အစိုးရမှာ အိုစမာဘင်လာဒင်ကို စွပ်စွဲဖို့ ဘာသက်သေမှမရှိဘူး။”

“သက်သေအထောက်အထားမရှိဘဲ အိုစမာဘင်လာဒင်ကိုလွှဲပေးဖို့ ဘုရှ်က တောင်းတိုင်း တာလီဘန်က ပေးပါ့မလား။ တကယ်လို့ အီရန်အစိုးရက အမေရိကန်သမ္မတဂျော့ဘုရှ်ကို သူတို့လက်လွှဲပေးပါလို့ တောင်းရင်ကော လွှဲပေးမှာလား။ အဲဒီ 9/11 ကိစ္စသက်သေခံအကြောင်း ပြောရဦးမယ်။ စက်တင်ဘာ ၁၁ ရက်နေ့ အကြမ်းဖက်မှုပြီးလို့ ရှစ်လအကြာ ၂၀၁၂ ခုနှစ် ဇွန်လထဲမှာ အမေရိကန်မှုခင်းစုံစမ်းထောက်လှမ်းရေးအဖွဲ့ (ကမ္ဘာကျော်) အက်ဖ်ဘီအိုင်(FBI)အဖွဲ့အကြီးအကဲ ရောဘတ်မွယ်လာ (Robert Mueller) က 9/11 အကြမ်းဖက်မှုမှာ ဘယ်သူပါတယ်ဆိုတာ FBI က မသိသေးနိုင်ပါဘူးလို့ စာနယ်ဇင်းတွေပြောပြတယ်။ အမှန်တကယ် 9/11 ကို ကြိုတင်ကြံစည်ပြင်ဆင်ခဲ့တာက UAE အာရပ်စော်ဘွားများပြည်ထောင်စုနဲ့ ဂျာမနီပြည်ထောင်စုနိုင်ငံအတွင်းမှာပါ။ အမေရိကန်သမ္မတဘုရှ်က 9/11 ဖြစ်ပြီးနောက်ပိုင်းမှာပဲ အကြမ်းဖက်သမားကို လက်ခံထားတဲ့အစိုးရတွေကို အမေရိကန်က အဲဒီအစိုးရကိုယ်တိုင် အကြမ်းဖက်သမားတွေလို့ သတ်မှတ်မယ်။ အဲဒီအစိုးရမျိုးကိုလည်း အကြမ်းဖက်သမားလို့သတ်မှတ်ပြီး အကြမ်းဖက်သမားတွေကို တိုက်သလို တိုက်ပစ်မယ်လို့ပြောပြီး 9/11 အပြီး ၂၇ ရက်အကြာ ၇-၁၀-၂၀၁၀ ရက်နေ့မှာ အာဖဂန်နစ္စတန်နိုင်ငံကို ဗုံးကြဲတိုက်ခိုက်မှု စတင်တာပါပဲ။

“9/11 တိုက်ခိုက်မှုဟာလည်း တကယ်ရာဇဝတ်မှုကြီးပါဗျာ။ ရာဇဝတ်ပြစ်မှုဆိုတာကို ဘယ်လိုကိုင်တွယ်ကြရသလဲ။ ပထမဦးဆုံး အဲဒီရာဇဝတ်ပြစ်မှုကို ဘယ်သူကျူးလွန်တာလဲဆိုတာ သက်သေအထောက်အထားခိုင်လုံစွာ စွပ်စွဲနိုင်အောင် ဖော်ထုတ်ရမယ်။ သေချာပြီဆိုမှ အဲဒီတရားခံကို ဖမ်းရမယ်။ အခုတော့ အဲဒီ 9/11 ဖြစ်ပြီး ရှစ်လကြာသည့်တိုင် အမေရိကန်မှုခင်းထောက်လှမ်းရေးအဖွဲ့ FBI အကြီးအကဲကိုယ်တိုင်က 9/11 ကို ဘယ်သူကျူးလွန်တယ်ဆိုတာ မသိရသေးပါဘူးလို့ ဖြေထားပါတယ်။

**ကျူးဘားလေယာဉ်ကြီးကို ဖောက်ခွဲ**

“ဥပမာတစ်ခုပြောမယ်။ ကမ္ဘာမှာ နာမည်ဆိုးနဲ့ အကျော်ကြားဆုံး အကြမ်းဖက်သမား လူးဝစ်ပိုဆာဒါကာရိုင်းလ်(Louis Posada Carriles)ဆိုတဲ့လူကို ဗင်နီဇွဲလားနိုင်ငံက ရာဇဝတ်ကောင် တရားခံပြေးအဖြစ် အလိုရှိတယ်။ ဘာကြောင့်လဲဆိုတော့ ၁၉၇၆ ခုနှစ်က ဗင်နီဇွဲလားနိုင်ငံမှာ ကျူးဘားနားခေါ် ကျူးဘားလေကြောင်းလိုင်းပိုင် လေယာဉ်ကြီးတစ်စင်းကို လူးဝစ်ပိုဆာဒါ ကာရိုင်းလ်က ဖောက်ခွဲခဲ့တဲ့အတွက် ခရီးသည် ၇၃ ယောက် သေဆုံးခဲ့တယ်။ နောက်ပြီးသူဟာ နီကာရာဂွါနိုင်ငံမှာ သူပုန်ထနေတဲ့ အမေရိကန် အထောက်ပံ့ခံ ကွန်ထရာသောင်းကျန်းသူတွေကို ကူညီပံ့ပိုးပေးခဲ့တယ်။ တကယ်တော့ အမေရိကန်စစ်တပ်က ဒုတိယဗိုလ်မှူးကြီး အိုလီပါနော့သ်နဲ့အတူ လူးဝစ်ပိုဆာဒါကာရိုင်းလ်၏ အားပေးပံ့ပိုးနေတဲ့ ကွန်ထရာသူပုန်တွေလက်ချက်နဲ့ သေရတဲ့ အရပ်သားတွေဟာ 9/11 တိုက်ခိုက်မှုမှာ နယူးယောက်နဲ့ ဝါရှင်တန်ပင်တဂွန်စစ်ဌာနချုပ်မှာ သေရတဲ့ လူဦးရေသုံးထောင်နီးပါး၊ သေသူ ၂၉၀၀ ကျော်ရဲ့ အဆများစွာပိုပါတယ်။ လူးဝစ်ပိုဆာဒါကာရိုင်းလ်နဲ့အတူ ကျူးဘားလေယာဉ်ကြီးကို ဖောက်ခွဲခဲ့တဲ့ အကြမ်းဖက်သမား အော်လန်ဒိုဘော့ခ် (Arado Bosech)ဟာလည်း အခု အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်မှာ ကောင်းမွန်စွာ နေထိုင်လျက်ရှိပါတယ်။ FBI စုံထောက်အဖွဲ့နဲ့ အမေရိကန်တရားရေးဌာနတို့က အော်လန်ဒိုဘော့ချ်ကို အမေရိကန်နိုင်ငံအတွက် အန္တရာယ်ရှိတဲ့ အကြမ်းဖက်သမားအဖြစ် ပြည်နှင်ဒဏ်ပေးဖို့ကြိုးပမ်းခဲ့တယ်။ အဲဒီတုန်းက အမေရိကန်သမ္မတဖြစ်တဲ့ ဂျော့ဒဗလူ ဟားဘတ်ဘုရှ်(စီနီယာ)က သမ္မတအခွင့်အာဏာသုံးပြီး လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့တယ်။ အဲဒီ စီနီယာဘုရှ်ရဲ့သား ဂျူနီယာဘုရှ် သမ္မတဖြစ်လာတော့ ဂျူနီယာဘုရှ်က အကြမ်းဖက်သမားကို လက်ခံပေးတဲ့နိုင်ငံအစိုးရဟာလည်း အကြမ်းဖက်သမားတွေပဲဖြစ်တယ်လို့ သတ်မှတ်ပြီး အဲဒီနိုင်ငံကို ဝင်တိုက်ပစ်ရမယ်လို့ ဘုရှ်မူဝါဒ(Bush Doctrine) ထုတ်ပြန်ထားရာ လူးဝစ်ပိုဆာဒါနှင့် အော်လန်ဒိုအပါအဝင် အကြမ်းဖက်သမားတွေကိုလက်ခံထားတဲ့အမေရိကန်နိုင်ငံကို ကျူးဘားတို့၊ ဗင်နီဇွဲလားတို့၊ နီကာရာဂွါနိုင်ငံတို့က ဝင်တိုက်ရတော့မလားဆိုတဲ့ မေးခွန်းထုတ်စရာ ဖြစ်လာပြီလေ။”

**(ရှာလွမ်)** “ကဲ အီရတ်နိုင်ငံဘက်လှည့်ကြည့်ကြဦးစို့။ အမေရိကန်က ၂၀၀၃ ခုနှစ် မတ်လ ၁၉ ရက်နေ့ညကစပြီး အီရတ်ကို ဘာကြောင့်ကျူးကျော်တိုက်ခိုက်တာလဲ”

> ❛အမေရိကန်က အီရတ်ကို တိုက်တဲ့အပေါ် တစ်မျိုးယူဆကြတာရှိတယ်။ စက်မှုထွန်းကားလွန်းတဲ့ အမေရိကန်ဟာ ရေနံစွမ်းအင်လောင်စာကို အလေးအနက်ထားနေရတယ်။ အမေရိကန်အနေနဲ့ ရေနံလိုအပ်ချက်ရဲ့ ထက်ဝက်လောက်ကို ပြည်ပကဝယ်နေရတယ်။ အဓိကမှာ အရှေ့အလယ်ပိုင်းအာရပ်(မွတ်ဆလင်) နိုင်ငံတွေဆီကပေါ့ဗျာ။ WMD ၏ အန္တရာယ်လက်နက်တွေအကြောင်းပြပြီး တိုက်ခိုက်တာက အဲဒီဒေသက ရေနံကို စိတ်ကြိုက်ထုတ်ယူဖို့ဖြစ်❜

**(ချွမ်စကီး)** ၂၀၀၃ ခုနှစ် မတ်လ ၁၉ ရက်နေ့မှာ အမေရိကန်က အီရတ်ကို ဗုံးကြဲတိုက်ခိုက်ကျူးကျော်ခဲ့တယ်။ အစကတော့ အီရတ်သမ္မတဆက်ဒမ်ဟူစိန်ရဲ့ လက်ထဲမှာ နျူကလီးယားလက်နက်တွေ၊ ဓာတုအဆိပ်လက်နက်တွေ၊ ဇီဝရောဂါပိုးမွှားလက်နက်တွေစတဲ့ လူအစုလိုက်အပြုံလိုက်သေစေတဲ့ လက်နက် WMD တွေရှိနေတယ်။ အမေရိကန်နဲ့ ကမ္ဘာ့နိုင်ငံတွေကို အဲဒီလက်နက်တွေနဲ့တိုက်ဖို့ ဆက်ဒမ်ဟူစိန်က ပြင်ဆင်နေပြီး ကမ္ဘာအတွက်ရော အမေရိကန်အတွက်ပါ အန္တရာယ်ရှိတယ်။ ကုလသမဂ္ဂက အဲဒီလက်နက်တွေ (အကြိမ်ကြိမ်) သွားရောက်ရှာဖွေသော်လည်း မတွေ့ဘူး။ ဒါကြောင့် အမေရိကန်က လက်ဦးမှုယူပြီး (Preemptie) စတင်တိုက်ခိုက်ရမယ်လို့ ကြေညာပြီး (၁၉-၃-၂၀၀၃)ရက်တွင် ဗုံးကြဲတိုက်ခိုက်ခဲ့တယ်။ တကယ်ဝင်တိုက်ပြီး WMD လက်နက်တွေ ဘယ်လိုမှမတွေ့တော့(ရှိမှမရှိဘဲ) ၂၀၀၃ ခုနှစ် နိုဝင်ဘာလကျတော့ ဂျူနီယာဘုရှ်က အီရတ်ကို ဒီမိုကရေစီ သွတ်သွင်းပေးဖို့ ဝင်တိုက်တာဟု လေသံပြောင်းသွားတယ်။ (အီရတ်ကို ဝင်မတိုက်မီခြောက်လကြိုပြီး ထိုစဉ်က အမေရိကန်ဒုတိယသမ္မတဒစ်ချေနီ (စီနီယာဘုရှ်လက်ထက် ကာကွယ်ရေးဝန်ကြီး လုပ်ခဲ့ပြီး အီရတ်ကို ၁၉၉၀-၉၁ က ဝင်တိုက်ပေးခဲ့သူ) လက်ရှိဒုတိယဥက္ကဋ္ဌလုပ်နေသော အမေရိကန် ရေနံကုမ္ပဏီကြီး (ဟယ်လီဘာတန်) ကို ဝင်မတိုက်မီ ခြောက်လကြိုပြီး အီရတ်ရေနံလုပ်ငန်းလုပ်ကိုင်ခွင့် ကန်ထရိုက်ချပေးခဲ့သည်။ ထိုစဉ်က နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်သည်လည်း ရေနံကုမ္ပဏီကြီးတစ်ခု၏ အမှုဆောင်အရာရှိလုပ်ခဲ့သူဖြစ်သည်။ စီနီယာဘုရှ်နှင့် ဂျူနီယာဘုရှ်သမ္မတ သားအဖနှစ်ယောက်သည်လည်း ရေနံကုမ္ပဏီထောင်ခဲ့ဖူးသည်။ ထိုစဉ်က အီရတ်နိုင်ငံ၏ မြေအောက်မှ ရေနံအရန်သိုက်သည် ကမ္ဘာတွင် ဒုတိယအကြီးဆုံး ရေနံသိုက်ကြီးဖြစ်သည်။)

**(အက်ချ်ကာ)** “အမေရိကန်က အီရတ်ကို တိုက်တဲ့အပေါ် တစ်မျိုးယူဆကြတာရှိတယ်။ စက်မှုထွန်းကားလွန်းတဲ့ အမေရိကန်ဟာ ရေနံစွမ်းအင်လောင်စာကို အလေးအနက်ထားနေရတယ်။ အမေရိကန်အနေနဲ့ ရေနံလိုအပ်ချက်ရဲ့ ထက်ဝက်လောက်ကို ပြည်ပကဝယ်နေရတယ်။ အဓိကမှာ အရှေ့အလယ်ပိုင်းအာရပ်(မွတ်ဆလင်) နိုင်ငံတွေဆီကပေါ့ဗျာ။ WMD ၏ အန္တရာယ်လက်နက်တွေ အကြောင်းပြပြီး တိုက်ခိုက်တာက အဲဒီဒေသက ရေနံကို စိတ်ကြိုက်ထုတ်ယူဖို့ဖြစ်တယ်လို့ ယူဆနေကြတယ်။

(အမေရိကန်နှင့် အရှေ့အလယ်ပိုင်းဒေသ ရေနံပြဿနာများကို ဒုတိယကမ္ဘာစစ်ပြီးကာလ အာရပ်ရေနံနိုင်ငံများက ၎င်းတို့၏ အဓိကရန်ဘက် အစ္စရေးနိုင်ငံနှင့် စစ်ဖြစ်တိုင်း အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်တို့က အစ္စရေးဘက်က ကူညီပံ့ပိုးနေခဲ့ပုံများအပေါ် မကျေနပ်၍ ၁၉၇၃-၇၄ ခုနှစ်များက အနောက်အုပ်စုနိုင်ငံများအပေါ် ရေနံတင်ပို့မှုရပ်စဲခဲ့သည်။ ရေနံကိုလျှော့ထုတ်ကြပြီး ရေနံဈေး မတန်တဆတင်ခဲ့ကြသည်။ ထိုအခါမှစ၍ အမေရိကန်စီအိုင်အေက အရှေ့အလယ်ပိုင်းကိုဝင်မွှေပြီး အမေရိကန်၏ ကျူးကျော်စစ်များအတွက် လမ်းခင်းခဲ့သည်များကိုပါ လေ့လာပါလျှင် ယနေ့ အမေရိကန်နှင့် အနောက်အုပ်စုခေါ် ကမ္ဘာ့မူလလက်ဟောင်း နယ်ချဲ့နိုင်ငံများအုပ်စုတို့ သမိုင်းကြောင်း၊ ယနေ့လုပ်ရပ်များကို သတင်းအသိများမှ ရယူသုံးသပ်ကြည့်လျှင် အစင်းအစင်းမုန့်တီဟင်းလို ကွင်းကွင်းကွက်ကွက် ရှင်းရှင်းပြက်ပြက် လင်းလင်းလက်လက် မြင်နိုင်ကြမည် ဖြစ်ပါကြောင်း၊ မိမိလူမျိုး၊ မိမိနိုင်ငံကို နယ်ချဲ့အုပ်စုအန္တရာယ်မှ ရှောင်ကွင်းနိုင်ကြမည်ဖြစ်ကြောင်း ပါခင်ဗျား)။ ။

# ပါတီဝင်အင်အားများကို ဥပဒေနှင့်အညီ စုဆောင်းထူထောင်ခြင်းဖြင့် မိမိဒေသအကျိုး၊ နိုင်ငံ့အကျိုး သယ်ပိုးနိုင်သည့် ခိုင်မာအားကောင်းသော နိုင်ငံရေးပါတီများ ဖြစ်ပေါ်လာစေရေး ကြိုးပမ်းဆောင်ရွက်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ မှာကြား

**နေပြည်တော် အောက်တိုဘာ ၂၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် ကော်မရှင်အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ လွှတ်တော်ရုံးဟောင်း အစည်းအဝေးခန်းမ၌ နိုင်ငံရေးပါတီခြောက်ပါတီမှ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ပါတီဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ ပါတီဝင်အင်အားများ စုဆောင်းမှုကအစ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများ အပါအဝင် သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ထူထောင်ဆောင်ရွက်ခြင်းဖြင့် မိမိဒေသအကျိုး၊ နိုင်ငံတော်အကျိုး သယ်ပိုးနိုင်သည့် ခိုင်မာအားကောင်းသော နိုင်ငံရေးပါတီများ ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။



**မှာကြား**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မှာကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင်လည်းကောင်း၊ နည်းဥပဒေများကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် လည်းကောင်း ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတစ်ဝန်းစည်းရုံးမည့် ပါတီဖြစ်ပါက ပါတီဝင်အင်အား အနည်းဆုံး ၁၀၀၀၀၀ နှင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်တစ်ခုအတွင်းသာ စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကို မှတ်ပုံတင်ခွင့်ပြုချက် ရရှိပြီးသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း စုဆောင်းရမည်ဟု ဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ထို့အတူ မှတ်ပုံတင်ခွင့်ရသည့်နေ့မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ဥပဒေအရ အနည်းဆုံး သတ်မှတ်ထားသည့် ရုံးခန်းအရေအတွက်ကို ဖွင့်လှစ်ရမည်ဖြစ်ပါကြောင်း၊ သတ်မှတ်ကာလအတွင်း အနည်းဆုံး စည်းရုံးရမည့် ပါတီဝင်ဦးရေ မပြည့်မီခြင်း၊ သတ်မှတ်ကာလအတွင်း ရုံးခန်းဖွင့်လှစ်နိုင်ခြင်းမရှိပါက နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့် ရှိမည်မဟုတ်ပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံရေးပါတီများ ထူထောင်မှုကို စနစ်တကျဖြစ်စေရန် ကော်မရှင်မှ စိစစ်ရခြင်းမှာ နိုင်ငံရေးပါတီများသည် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်အရွေးခံ၍ နိုင်ငံ၏အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေး လုပ်ငန်းများတွင် ပါဝင် ထမ်းဆောင်မည့်သူများ ဖြစ်လာမည်ဖြစ်၍ ဥပဒေနှင့် ညီညွတ်သည့် ခိုင်မာအားကောင်းသော ပါတီထူထောင်မှု ရရှိစေရန် ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၏ အမှတ်စဉ်(၅)ပါ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရန် အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက် ရှိကြောင်း၊ လာမည့် ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်စာရင်းများ မှန်မှန်ကန်ကန်ဖြစ်စေရေး၊ မဲမသမာမှုများ မဖြစ်စေရေးအတွက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ ကွန်ပျူတာ တက္ကသိုလ်များမှ ပညာရှင်များ၏ နည်းပညာနှင့် ကျွမ်းကျင်မှု အကူအညီရယူပြီး CVLMS(Central Voter List Management System) ဆော့ဝဲလ် အပါအဝင် အဆင့်မြင့် အိုင်တီနည်းပညာများ အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ အီလက်ထရောနစ် မဲပေးစက် (MEVM)ကို မြန်မာနိုင်ငံမှ ပညာရှင်များ၏ အကူအညီဖြင့် တီထွင်ပြုလုပ်ခဲ့ပြီး ယခုအခါ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိမြို့နယ်များမှ ပြည်သူများကို လက်တွေ့စမ်းသပ်မဲပေးနိုင်ရန် ဆောင်ရွက်နေမှုများကို ပြောကြားခဲ့သည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီး တာဝန်ခံ ဦးသန်းအောင်ကျော်က မန္တလေးတိုင်းဒေသကြီးအတွင်း ပါတီဝင်အင်အားစာရင်း တင်ပြထားသည့် နိုင်ငံရေးပါတီ ခြောက်ပါတီ၏ ပါတီဝင်အင်အားစာရင်းများအား ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ တာဝန်ရှိသူများက ပါတီဝင်အင်အားစာရင်းများ မှန်ကန်စေရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ တိုင်းဒေသကြီး ပါတီကော်မတီဥက္ကဋ္ဌများက အင်အားစာရင်းများ ဥပဒေနှင့်အညီ မှန်ကန်စေရေးအတွက် စစ်ဆေးဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများနှင့် တွေ့ကြုံရသည့် အခက်အခဲများအား တင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အရာရှိများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ အမျိုးသားနိုင်ငံရေး ဒီမိုကရက်တစ်ပါတီ၊ ပြည်သူ့ရှေ့ဆောင်ပါတီ၊ ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီနှင့် ဒီမိုကရက်တစ်အင်အားစုလေဘာပါတီတို့မှ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ပါတီကော်မတီဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင် / မြို့နယ် စာရင်းစစ်ရုံးဝန်ထမ်းများအားတွေ့ဆုံပြီး ရေဘေးသင့်ဝန်ထမ်းများအတွက် ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၁**

ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦးသည် ဒုတိယစာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၌ ကျင်းပသည့် ဝန်ထမ်းတွေ့ဆုံပွဲနှင့် ရေဘေးသင့်ဝန်ထမ်းများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က ယခုအခမ်းအနားသည် ပဲခူးတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ပြီး ထိခိုက်ပျက်စီးခဲ့သည့် ရေဘေးသင့် စာရင်းစစ်ရုံးဝန်ထမ်းများကို စာနာထောက်ထားခြင်းဖြင့် ဝန်ထမ်းသက်သာရန်ပံ့ငွေနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီး/ ပြည်နယ် စာရင်းစစ်ချုပ်ရုံးများနှင့် ခရိုင်/မြို့နယ် စာရင်းစစ်ရုံးဝန်ထမ်းများ၊ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းမှ အလှူရှင် သုံးဦးတို့က စေတနာထက်သန်စွာ စုပေါင်းထည့်ဝင်လှူဒါန်းငွေကျပ် ၈၇၁၂၀၀၀ ထောက်ပံ့ပေးအပ်ခြင်း ဖြစ်ပါကြောင်း၊ ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရသည့်အတွက် များစွာ စိတ်မကောင်း ဖြစ်ရပါကြောင်း၊ ဝန်ထမ်းများ၏ ကြုံတွေ့နေရသော အခက်အခဲများကို သိရှိပြီး လိုအပ်သည့် ကူညီဖြည့်ဆည်းမှုများကို ဆောင်ရွက်ပေးနိုင်ရန် ကိုယ်တိုင်လာရောက် တွေ့ဆုံအားပေးရခြင်း ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ပဲခူးတပ်နယ်မှ တာဝန်ရှိသူများ အနေဖြင့်လည်း ရေဘေးသင့် ပြည်သူများထံ သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်ကို လည်း တွေ့ရှိရပါကြောင်း၊ မိမိတို့အနေဖြင့်လည်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ထို့အပြင် မိမိတို့၏ စစ်ဆေးရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်စေရေး အလေးထားစီမံဆောင်ရွက်ကြရန်နှင့် လုပ်ငန်းတာဝန်များကို တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာဖြင့် ကျင့်ဝတ်စံတန်ဖိုးများကို လေးစားလိုက်နာပြီး ထမ်းဆောင်သွားကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယစာရင်းစစ်ချုပ်က လုပ်ငန်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်က ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့် စာရင်းစစ်ရုံးဝန်ထမ်းများအတွက် လည်းကောင်း၊ ဒုတိယစာရင်းစစ်ချုပ်က ရေဘေးသင့် အငြိမ်းစား စာရင်းစစ်ရုံးဝန်ထမ်းများအတွက် လည်းကောင်း ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းရာ ဝန်ထမ်းများကိုယ်စား ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးက လက်ခံရယူ၍ ဝန်ထမ်းတစ်ဦးနှင့် အငြိမ်းစား ဝန်ထမ်းတစ်ဦးတို့က ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးက ရုံးလုပ်ငန်းဆိုင်ရာများ၊ ရေဘေးကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေများ၊ ပြင်ဆင်ပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယစာရင်းစစ်ချုပ်က ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး ပြည်ထောင်စု စာရင်းစစ်ချုပ်က လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်စာရင်းစစ်ရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ ရေဘေးသင့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ် ၁၈ သိန်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒဂုံအရှေ့ပိုင်းမြို့နယ်မှ ရေဘေးသင့်အိမ်ထောင်စုများအား စားသောက်ကုန်များ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၁**

GRAND WYNN GROUP OF COMPANIES က ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်ရှိ ရေဘေးသင့်ရပ်ကွက်အချို့မှ အိမ်ထောင်စုများအား ယနေ့နံနက် ၁၁ နာရီက စားသောက်ကုန်ပစ္စည်းများ သွားရောက် လှူဒါန်းခဲ့သည်။

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်ရှိ ရေဘေးသင့် ၁၃၈ ရပ်ကွက်၊ ၁၅၆ ရပ်ကွက်၊ ၁၁၈ ရပ်ကွက်ရှိ အိမ်ထောင်စု ၅၀၀ အား တစ်အိမ်ထောင်လျှင် ခေါက်ဆွဲခြောက်ထုပ် ခြောက်ထုပ်၊ ရေသန့် တစ်လီတာဘူး ခြောက်ဘူးပါ တစ်ကတ်၊ ငါးသေတ္တာ တစ်ဘူး၊ ကြက်သားဘီစကွတ် တစ်ထုပ်၊ ရေပုံး တစ်ခု စုစုပေါင်းတန်ဖိုးငွေကျပ် သိန်း ၅၀ ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကြေးမုံ**



# ၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၁**

၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင်ရောင်းချမည့် ပုလဲအတွဲအမှတ်(၁)မှ အတွဲအမှတ်(၁၅၀)အထိ ပုလဲအတွဲများကို ပြည်တွင်း ပြည်ပရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ထို့နောက် ပြပွဲတွင်ရောင်းချသည့် ပုလဲအတွဲပေါင်း ၃၀၀ အနက်မှ ပုလဲအတွဲအမှတ်(၁)မှ အတွဲအမှတ်(၁၅၀)အထိ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများအနက် တင်ဒါအမှတ်(၁)ကို မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ တင်ဒါအမှတ်(၂)ကို ညနေ ၅ နာရီတွင် လည်းကောင်း တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးပြီး ပုလဲအတွဲပေါင်း ၁၅၀ ရောင်းချရကြောင်း ကြေညာသည်။



ပြပွဲတတိယနေ့တွင် ပုလဲအတွဲပေါင်း ၃၀၀ အနက်မှ ကျန်ရှိသည့် ပုလဲအတွဲအမှတ်(၁၅၁)မှ အတွဲအမှတ်(၃၀၀)အထိကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း ပြည်ပရတနာကုန်သည်များအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ နာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းတွင် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမသို့ ရောက်ရှိပြီး ပုလဲအတွဲများ တင်ဒါဖွင့်ဖောက်စစ်ဆေးနေမှု မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းဆိုင်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး(ဓာတ်ပုံ) တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယခုကျင်းပပြုလုပ်သည့် ၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ အောက်တိုဘာ ၂၀ ရက်မှစတင်၍ ၂၈ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲ ၃၀၀၊ ကျောက်မျက်အတွဲ ၁၆၀၊ (A)အုပ်စုမှ ကျောက်စိမ်းအတွဲ ၅၂၀၊ (B)အုပ်စုမှ ကျောက်စိမ်းအတွဲ ၁၇၃၃ တွဲနှင့် (C)အုပ်စုမှ ကျောက်စိမ်းအတွဲ ၁၇၉၂ တွဲ စုစုပေါင်း ကျောက်စိမ်းအတွဲ ၄၀၄၅ တွဲတို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း ပြည်ပရတနာကုန်သည်များအား ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့ပြင် ယခု ကျင်းပပြုလုပ်လျက်ရှိသည့် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံလေးနိုင်ငံမှ ရတနာကုန်သည်များ ပိုမိုတက်ရောက်ခဲ့ပြီး ယခင်ကျင်းပပြီး ပြပွဲများထက် ပြည်တွင်း ပြည်ပရတနာကုန်သည်များက တက်ရောက်ယှဉ်ပြိုင်ဝယ်ယူမှု များပြားသဖြင့် ပုလဲအတွဲများကို ဈေးနှုန်းပိုမိုရှာ ရောင်းချရရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် နမ့်ပငအသေးစား ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**မုံရွာ အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ဟုမ္မလင်းခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် ဟုမ္မလင်းမြို့နယ် နားသကျိုက်ကျေးရွာအနီး နမ့်ပငချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည့် နမ့်ပငအသေးစားရေအားလျှပ်စစ် စီမံကိန်း ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂)တည်ဆောက်ရေး၊ တာဝန်ခံအင်ဂျင်နီယာက နမ့်ပငအသေးစား ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က နမ့်ပငအသေးစား ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်ပြီးပါက ဟုမ္မလင်းမြို့နှင့် အနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများနှင့် MSMEs လုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အားလုံလောက်အောင် ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်၍ သက်မှတ်ကာလတွင် ပြီးစီးအောင်ဆောင်ရွက်စေလိုပါကြောင်း၊ သက်မှတ်အရည်အသွေးများနှင့် ကိုက်ညီစွာတည်ဆောက်ကာ လုပ်ငန်းများဆောင်ရွက်မှုအပေါ် စေတနာထားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့အား အသေးစိတ်မှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နမ့်ပငအသေးစားရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

အဆိုပါ နမ့်ပငအသေးစားရေအားလျှပ်စစ်စီမံကိန်းသည် ဟုမ္မလင်းမြို့၏ အနောက်ဘက် ၇ ဒသမ ၅ မိုင်ခန့်အကွာ နားသကျိုက်ကျေးရွာအနီးတွင် တည်ရှိပြီး Concrete Gravity Dam တမံ အမျိုးအစားဖြစ်ပြီး တမံအလျား ၄၇၃ ပေ၊ တမံအမြင့် ၁၁၄ ဒသမ ၈ ပေ၊ ရေအားအမြင့် ၈၀ ဒသမ ၃၈ ပေ၊ နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ၁ ဒသမ ၁၀ သိန်းဧကပေ၊ သံကူကွန်ကရစ်ရေပိုက်လှိုင်ဖြစ်ကာ တပ်ဆင်စက်အင်အား ၆ မဂ္ဂါဝပ်(၂ x ၃ မဂ္ဂါဝပ်)ဖြစ်ပြီး နှစ်စဉ်လျှပ်စစ်ဓာတ်အား ၃၄ ဒသမ ၆၈ သန်းကီလိုဝပ် နာရီပျမ်းမျှ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကာ ယခုအချိန်တွင် လုပ်ငန်းအားလုံး၏ ၄၁ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# အလုပ်တွင် ထိခိုက်သေဆုံးခြင်းအတွက် လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေး

**ကမာရွတ် အောက်တိုဘာ ၂၁**

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်ရစ်သူအကျိုးခံစားခွင့်(ငွေလုံးငွေရင်း) ထုတ်ပေးခြင်းအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။




ဦးစွာ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနို့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

**ခွင့်ပြုထုတ်ပေး**

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးလူမှုဖူလုံရေး တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူးက ကမာရွတ်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော Han Yoma Energy Co., Ltd. မှ အာမခံအလုပ်သမား ဦးမျိုးမင်းကြိုင်၏ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့်(ငွေလုံးငွေရင်း) ခွင့်ပြုငွေကျပ် ၉၀၀၀၀၀၀ ကို ဖခင်ဖြစ်သူ ဦးအေးကြိုင်ထံနှင့် မြို့နယ်လူမှုဖူလုံရေးရုံး ဒဂုံမြို့သစ်(မြောက်ပိုင်း)တွင် အကျိုးဝင်မှတ်ပုံတင်ထားသည့် Uniter Paper Mill Co., Ltd. မှ အာမခံအလုပ်သမား ဦးမျိုးမင်းထွေး၏ အလုပ်တွင်ထိခိုက် သေဆုံးခြင်းအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့်(ငွေလုံးငွေရင်း) ခွင့်ပြုငွေကျပ် ၄၃၂၀၀၀၀ ကို ဇနီးဖြစ်သူ ဒေါ်ပန်းအိမြိုင်ထံသို့ အလုပ်ဌာနမှ တာဝန်ရှိသူများ၊ အလုပ်သမားရေးရာ ညှိနှိုင်းရေးကော်မတီ (WCC)အဖွဲ့ဝင်များ ရှေ့မှောက်တွင် ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။ **စိမ်းလဲ့(ပြန်/ဆက်)**

# ကျိုင်းတုံမြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**ကျိုင်းတုံ အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ကျိုင်းတုံ တက္ကသိုလ်၌ စုပေါင်းသန့်ရှင်းရေးကို အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ပြည်သူ့အကျိုးပြု လုပ်ငန်းအဖြစ် စုပေါင်းသန့်ရှင်းရေး



ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့ (ကျိုင်းတုံ)၊ ခရိုင်၊ မြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် သီးခြားရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များက ကျိုင်းတုံတက္ကသိုလ်ဝင်းအတွင်း/အပြင် သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များ၊ သစ်ရွက်ခြောက်များ ဖယ်ရှားရှင်းလင်းခြင်း၊ သစ်ပင်များ၊ သစ်ကိုင်း၊ ချုံနွယ်များ အမြင်တင့်တယ်စေရေး၊ လေဝင်/လေထွက် ကောင်းမွန်စေရေး ခုတ်ထွင်ဖယ်ရှားရှင်းလင်းခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆယ်ယူရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်ကောင်စီနယ်မြေအတွင်း သန့်ရှင်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၁

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်(ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများကို ဆေးရုံအတွင်း ရေစီးရေလာကောင်းမွန်စေရေး၊ ရာသီအလိုက်ပွင့်သည့်ပန်းပင်များ စိုက်ပျိုးရေး၊ အမြဲသန့်ရှင်းသာယာရေးနှင့် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ မြို့နယ်သံဃနာယကအဖွဲ့ဝင် နန်းဦးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥဇ္ဇောတ မထေရ်မြတ်နှင့် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအုပ်စု ရှားတောကျေးရွာရှိ မြို့နယ်သံဃနာယကအဖွဲ့ အကျိုးဆောင် ရှားတောကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တရ မထေရ်မြတ်တို့အား သွားရောက်ဖူးမြော်ကြည်ညိုပြီး သင်္ကန်း၊ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်း ဆက်ကပ်လှူဒါန်းသည်။



ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တဲကြီးကုန်းကျေးရွာအုပ်စု စိုက်ပျိုးရေးရှင်းလင်းဆောင်၌ မိုးစပါးစိုက်တောင်သူများနှင့် တွေ့ဆုံပြီး စုပေါင်းမြေဩဇာကြဲပက်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တဲကြီးကုန်းကျေးရွာအနီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ခင်းများ၌ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိုးကျရောစပ်၍ စုပေါင်းကြဲပက်နေမှု၊ ကောက်ရိုး၊ ဗေဒါ၊ ရိုးပြတ်၊ နွားချေးများကို သဘာဝမြေဩဇာအဖြစ် ထုတ်လုပ်သုံးစွဲမှု၊ တီကောင်မွေးမြူရေးကန်တို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် အလျင်လိုကျေးရွာအုပ်စုသို့ ရောက်ရှိရာ မြန်မာနယူးရော စိုက်ပျိုးရေးကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက မျိုးစေ့ထုတ်လုပ်နေမှု၊ ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်နေမှု၊ စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုများ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းဆောင်ရွက်မှု၊ မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် ပြည်တွင်းပြည်ပ ဖြန့်ဖြူးရောင်းချနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့နယ် ရေကာကျေးရွာအုပ်စု ဇီးဖြူတန်းကျေးရွာရှိ ဇီးဖြူတန်း KC စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ၌ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရိုးပင်ချောင်းနှင့် ပေါင်းလောင်းမြစ်တို့မှ ရေကြီးရေလျှံမှုဖြစ်ကာ ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် သီးနှံစိုက်ကေများအတွက် တောင်သူများအား မျိုးစေ့များထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့သည့် ကျေးရွာအုပ်စုသုံးအုပ်စုမှ တောင်သူ ၆၅ ဦးအား ပျက်စီးခဲ့သည့် ၁၄၉ ဧကအတွက် ဆောင်းသီးနှံစိုက်ပျိုးရန် မြေပဲတင်း ၁၂၀၊ နှမ်းတင်း ၂၀ နှင့် နေကြာတင်း ၂၀ တို့ကို ထောက်ပံ့ပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် ပြောင်းခေါင်းကြီးကျေးရွာအုပ်စု ပန်းတင်ကျေးရွာအနီးရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေး အရင်းမပျောက်မတည်ငွေဖြင့် ဆောင်ရွက်သည့် ဒေါ်မေသွေးကို၏ ဟိန်းမဟာအသားတိုးကြက်မွေးမြူရေးခြံသို့ရောက်ရှိပြီး အသားတိုးကြက် မွေးမြူထားရှိမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်သူများပါဝင်ဆွေးနွေးသည့် တောင်သူနည်းပညာဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၁

လယ်ယာကဏ္ဍဖွံ့ဖြိုးရေး၊ တောင်သူလယ်သမားများအပါအဝင် ကျေးလက်နေပြည်သူများ၏ ထုတ်လုပ်နိုင်မှုစွမ်းအားနှင့် ဝင်ငွေမြှင့်တင်ပေးနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ အပတ်စဉ်စနေနေ့တိုင်း ကျင်းပသည့် တောင်သူနည်းပညာ ဆွေးနွေးပွဲ (Farmers' Technical Forum)ကို ယနေ့နံနက်ပိုင်းတွင် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ စပါးတစ်ပင်လုံး အကျိုးရှိစွာ အသုံးပြုခြင်းနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာများ ခေါင်းစဉ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ဒေသတွင်းနိုင်ငံများမှ တောင်သူလယ်သမားများနှင့် မိမိတို့တောင်သူလယ်သမားများအကြား နည်းပညာအသုံးချနိုင်မှု ကွာဟချက်ကျဉ်းမြောင်းလာစေရန် သုတေသီများ၊ နည်းပညာပြန့်ပွားရေးဌာနများ၊ တောင်သူများနှင့် သက်ဆိုင်သူအားလုံးတို့အနေဖြင့် ပိုမိုကြိုးပမ်းကြရန် လိုအပ်ကြောင်း၊ တောင်သူများ အမှန်တကယ်ဝင်ငွေတိုးတက်ရန်မှာ သီးနှံအထွက်နှုန်း တစ်ခုတည်းအပေါ်မှာသာ မှီခိုနေ၍မရနိုင်ဘဲ ဈေးကောင်းရတွက်ခြေကိုက်သည့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့်အတူ မိမိတို့စိုက်ပျိုးထုတ်လုပ်လိုက်သည့် သီးနှံပင်တစ်ခုလုံးကို အကျိုးရှိရှိအသုံးချပြီး အပိုဝင်ငွေရရှိစေမည့် နည်းလမ်းများကို အသုံးပြုရန်လိုကြောင်း၊ အလားတူ ရိတ်သိမ်းချိန်လွန် နည်းပညာများအသုံးပြုပြီး ရိတ်သိမ်းပြီးနောက်ပိုင်း ကြုံတွေ့ကြရသည့် သီးနှံလေလွင့်ဆုံးရှုံးမှုများ လျှော့ချနိုင်ရေးနှင့် တန်ဖိုးမြင့်ကုန်ချောများအဖြစ် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်မှသာ တောင်သူများအတွက် သိသာသည့် အကျိုးအမြတ်ကို ရရှိခံစားနိုင်ကြမည်ဖြစ်၍ ယနေ့ဆွေးနွေးပွဲတွင် မိမိတို့သိရှိလိုသည်များကို ဆွေးနွေးလေ့လာသွားကြရန် တိုက်တွန်းပါကြောင်း ဆွေးနွေးပြောကြားသည်။



ဆက်လက်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ရိတ်သိမ်းချိန်လွန်နည်းပညာနှင့် အစားအစာသိပ္ပံဌာနခွဲမှ ပညာရှင်များက စပါးတစ်ပင်လုံး အကျိုးရှိစွာ အသုံးပြုခြင်းနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာများကို တင်ပြဆွေးနွေးကြပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ပုဗ္ဗသီရိ၊ ဇေယျာသီရိ၊ ဒက္ခိဏသီရိနှင့် ဥတ္တရသီရိမြို့နယ်များမှ တောင်သူများက သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲ မကျင်းပမီနှင့် ဆွေးနွေးပွဲအပြီးတွင် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော တောင်သူများသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ရိတ်သိမ်းချိန်လွန် နည်းပညာနှင့် အစားအစာသိပ္ပံဌာနခွဲက သုတေသနပြုဆောင်ရွက်သည့် ကောက်ရိုးဖြင့် စက္ကူပြုလုပ်ခြင်း၊ တစ်ကီလို နွားစာတုံးပြုလုပ်ခြင်း၊ မုန့်ဆမ်းပြုလုပ်ခြင်း၊ စွမ်းအင်မဲ့ အအေးခန်း၊ တီကျစ်စာမြေဆွေးထုတ်လုပ်ခြင်း လုပ်ငန်းများကို လက်တွေ့လေ့လာခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အယ်လ်နီညိုရာသီဥတုကြောင့် ငါးမွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများ အသိပညာပေး

**မြန်အောင် အောက်တိုဘာ ၂၁**

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ မြန်အောင်မြို့နယ်အတွင်း အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်မှုကြောင့် ငါးမွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများနှင့် ကြိုတင်ကာကွယ်ရေး အသိပညာပေးလှုပ်ရှားမှုရက်သတ္တပတ်အနေဖြင့် ယမန်နေ့နံနက်က မြန်အောင်မြို့နယ် ဆင်သေကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ငါးမွေးမြူရေး



တောင်သူများအား အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်အောင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်တာဝန်ခံ ဒေါ်အေးမြင့်ဦးက အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်မှုကြောင့် ငါးများ အစာနှင့်ရေရှားပါးခြင်း၊ အာဟာရမပြည့်ဝခြင်း၊ ကူးစက်ရောဂါများ ဖြစ်ပေါ်လာနိုင်ခြင်းတို့ကြောင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသင့်သည်များကို ရှင်းလင်းဆွေးနွေး ပြောကြားပြီး မြန်အောင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများက အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝင်းမိုလ်(ပြန်/ဆက်)**

# ပြည်မြို့နယ်၌ ဆောင်းသီးနှံမြေပဲ၊ မတ်ပဲနှင့် ပဲတီစိမ်း မျိုးသန့်၊ မျိုးကောင်းများ တောင်သူများထံထောက်ပံ့ပေးအပ်

ပြည် အောက်တိုဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်း ၂၀၂၃- ၂၀၂၄ ခုနှစ် ဆောင်းသီးနှံပန်းတိုင်အထွက်နှုန်းပြည့်မီကျော်လွန်စေရေး အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ မြေပဲ၊ မတ်ပဲနှင့် ပဲတီစိမ်းသီးနှံ အထွက်ကောင်း မျိုးသန့်၊ မျိုးကောင်းများအား တောင်သူများထံ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက ဇီးအုပ် တောင်သူပညာပေးရှေ့တန်းစခန်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က အမှာစကား ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးစန်းလွင်က မျိုးသန့်မျိုးစေ့များ ထောက်ပံ့ ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

## ထောက်ပံ့ပေးအပ်

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အထွက်နှုန်းကောင်းသော ဗီယက်နမ်မြေပဲမျိုးသန့် မျိုးစေ့များနှင့် ပဲတီစိမ်းမျိုး ရေဆင်း-၁၄၊ မတ်ပဲမျိုးသန့် ရေဆင်း-၇ မျိုးစေ့များကို တောင်သူများထံ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။

မျိုးသန့်၊ မျိုးကောင်းများ ထောက်ပံ့ပေးအပ်ရာတွင် တစ်ဧကလျှင် ဗီယက်နမ်မြေပဲမျိုးသန့် ခြောက်တင်းနှင့် သွင်းအားစုများ အပါအဝင် စုစုပေါင်းတန်ဖိုးငွေကျပ် သုံးသိန်းဖိုး ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပြီး မတ်ပဲ ရေဆင်း-၁၄ နှင့် ပဲတီစိမ်း ရေဆင်း-၇ မျိုးသန့်များကို တစ်ဧကလျှင် ရှစ်ပြည်နှုန်း ထောက်ပံ့ပေးအပ်ခြင်း ဖြစ်ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၂၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၂၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Nowel Nay Linn" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရုံးကြီးရပ်ကွက်နေ စောနိုဝယ်နေလင်း(ခ)စနေဖိုးအား ညနေ ၄ နာရီခွဲတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## သနပ်ပင်မြို့နယ်၌ အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်မှုကြောင့် ငါးမွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများ အသိပညာပေးဟောပြော

သနပ်ပင် အောက်တိုဘာ ၂၁

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်အတွင်းရှိ ငါးမွေးတောင်သူများနှင့် ရေလုပ်သားများအား အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်မှုကြောင့် ငါးမွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများအား ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီတွင် သနပ်ပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် ငါးမွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများအား ကြိုတင်ကာကွယ်နိုင်ရန်အချက်များ၊ ဖြစ်ပွားချိန်တွင်လုပ်ဆောင်ရမည့်အချက်များ၊ ဖြစ်ပွားပြီးနောက်လုပ်ငန်းများ ပြန်လည်ထူထောင်ခြင်းတို့ကို အသိပညာပေးဟောပြောခဲ့ပြီး ငါးကန်များသို့ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လှမိုး(ပြန်/ဆက်)



## သာယာဝတီမြို့နယ်၌ ပန်းတိုင်အထွက်နှုန်းပြည့်မီရေး တောင်သူနည်းပညာပေးဆွေးနွေးပွဲ ကျင်းပ

သာယာဝတီ အောက်တိုဘာ ၂၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ဆောင်းသီးနှံ ပန်းတိုင်အထွက်နှုန်း ပြည့်မီရေးနှင့် သုံးသီးစိုက်ကေများ လျာထားဧက ပြည့်မီကျော်လွန်ရေးအတွက် မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီမှ အသိပညာပေး ဆွေးနွေးပွဲနှင့် မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကွျဲသတ် အုပ်စု အင်းရွာအထွက်တိုးစခန်း၌ ကျင်းပသည်။



**တောင်သူများနှင့် တွေ့ဆုံ**

ဦးစွာ မြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းဟိုက ဂုံမင်းမြောင်၊ သင်တောရိုး၊ ကွျဲသတ်၊ သဲဖြူချောင်းသုံးခွ၊ ကျွန်းကုန်း၊ သုံးဒေါင့်ကန်အုပ်စုများမှ တောင်သူများနှင့်တွေ့ဆုံ၍ မြေပဲစိုက်ပျိုးရာတွင် အထွက်နှုန်း ကောင်းမွန်သော ဗီယက်နမ် မြေပဲမျိုးအား ပြောင်းလဲစိုက်ပျိုးနိုင်ရေး၊ ပဲတီစိမ်းနှင့် မတ်ပဲသီးနှံများအတွက် TBL-9၊ ရေဆင်းအထွက်ကောင်း မျိုးများကို အသုံးပြုစိုက်ပျိုးရန်နှင့် နည်းပညာဆိုင်ရာများအတွက် အခက်အခဲများ ဆွေးနွေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

**အသိပညာပေးဆွေးနွေး**

ယင်းနောက် မြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီဝင်များ ဖြစ်ကြသည့် သက်ဆိုင်ရာ မြို့နယ်အဆင့် ဌာနဆိုင်ရာများက သီးနှံအလိုက် စိုက်နည်းစနစ်များကို အသိပညာပေးဆွေးနွေးကြပြီး တက်ရောက်လာသည့် တောင်သူများကလည်း သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

■

## ကန်ကြီးထောင့်မြို့နယ်၌ သန့်ရှင်းရေးဆောင်ရွက်နေမှု တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

ကန်ကြီးထောင့် အောက်တိုဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သောကြောင့် ဌာနဆိုင်ရာရုံးများ၊ မြို့ပေါ်ရပ်ကွက်များတွင် သန့်ရှင်းရေးဆောင်ရွက်နေမှုကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှိုင်ဝင်းဟန်၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ဝမ်းတွင်းမြို့နယ်၌ အယ်လ်နီညိုရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ အသိပညာပေးဟောပြော

ဝမ်းတွင်း အောက်တိုဘာ ၂၁

မန္တလေး တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ကူမဲ ငါးလုပ်ငန်းစခန်းက အယ်လ်နီညိုရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်ကြောင့် ငါးမွေးမြူရေးကဏ္ဍများအပေါ် အကျိုးသက်ရောက်နိုင်မှုများနှင့် ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက ဝမ်းတွင်းမြို့နယ် ကွျဲတပ်ကျေးရွာ၌ ကျင်းပသည်။



အဆိုပါဟောပြောပွဲတွင် ကူမဲငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစောအောင်ကိုလတ်က အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ငါးမွေးမြူရေးလုပ်ငန်းများ ထိခိုက်နစ်နာဆုံးရှုံးမှုအနည်းဆုံး ဖြစ်စေရေး ကြိုတင်ပြင်ဆင်ရန် အချက်များ၊ အယ်လ်နီညိုဖြစ်ပေါ်လာပါက ကြိုတင်ပြင်ဆင်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ငါးလုပ်ငန်းဦးစီးဌာနမှ ပံ့ပိုးကူညီဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ငါးမွေးမြူသူလုပ်ငန်းရှင်များက သိရှိလိုသည်များ မေးမြန်းမှုအပေါ် ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အမရပူရမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့်ပတ်သက်၍ အသိပညာပေးဟောပြော

အမရပူရ အောက်တိုဘာ ၂၁

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ငါးလုပ်ငန်းဦးစီးဌာနက အမရပူရမြို့နယ်အတွင်း ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် ငါးမွေးမြူရေးလုပ်ငန်းရှင်များအား အယ်လ်နီညိုရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ ငါးလုပ်ငန်းကဏ္ဍအပေါ် သက်ရောက်နိုင်မှုများနှင့် ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေး ဟောပြောပွဲကို ရေဘုတ်ကျေးရွာနှင့် မုတ်ပုလဲကျေးရွာတို့တွင် ပြုလုပ်ခဲ့သည်။



အသိပညာပေး ဟောပြောရာတွင် ခရိုင်တာဝန်ခံဦးဌေးမင်းက အယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဖြစ်စဉ်များသည် မတူညီကြောင်း၊ အယ်လ်နီညိုကြောင့် အပူချိန်လွန်ကဲခြင်း၊ မိုးရွာသွန်းမှုပုံစံ မူမမှန်သောကြောင့် မိုးများပြီးရေလွှမ်းမိုးမှုများ ကြုံတွေ့လာနိုင်သဖြင့် ငါးမွေးတောင်သူများအနေဖြင့် မိမိတို့၏ ငါးမွေးကန်များကို စဉ်ဆက်မပြတ် စောင့်ကြည့်ပြီး ငါးထုတ်လုပ်မှုကျဆင်းမှုမရှိစေရေး ဆောင်ရွက်စေလိုကြောင်း ပြောကြားပြီး ငါးမွေးကန်များ အပူချိန်လွန်ကဲမှု ဒဏ်မှ ကြိုတင်ကာကွယ်နိုင်ရေး၊ ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်နိုင်ရေး သတိပေးနှိုးဆော်ချက် လက်ကမ်း စာစောင်များကို ဟောပြောပွဲ တက်ရောက်လာသည့် ငါးမွေးမြူသူလုပ်ငန်းရှင် လေးဦး၊ ငါးမွေးကန်ရေလုပ်သား ၁၂ ဦးတို့ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အသိပေးကြေညာချက် ( ၅ /၂၀၂၃)

**၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ သောကြာနေ့**

၁။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များ အပြည့်အဝရရှိစေရန်နှင့် နိုင်ငံသားတိုင်း၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးရန်တို့အပြင်၊ သတင်းမီဒီယာသမားများကို အရည်အသွေးမြှင့်တင်ပေးရန်နှင့် သတင်းမီဒီယာများဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်း ရည်ရွယ်ချက်ထား ဆောင်ရွက်လျက်ရှိပါသည်။

၂။ ယင်းသို့ဆောင်ရွက်ရင်းမှပင် သတင်းမီဒီယာသမားများနှင့် ဌာနဆိုင်ရာ သတင်းအရင်းအမြစ်များအကြား၊ အငြင်းပွားဖွယ်ရာများကြောင့်ဖြစ်စေ၊ အခြားအကြောင်းများကြောင့်ဖြစ်စေ၊ အခက်အခဲအကျပ်အတည်းများဖြင့် ရင်ဆိုင်ရသည်များရှိပါက မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ကြားဝင်ညှိနှိုင်း ဆောင်ရွက်ပေးခြင်းဖြင့် နှစ်ဦးနှစ်ဖက် ပြေလည်မှုများ၊ သက်ဆိုင်ရာမှ ဖြေလျှော့ပေးခဲ့သည့် ဖြစ်စဉ်များ ရှိခဲ့ပါသည်။

၃။ ယနေ့ကာလတွင် နိုင်ငံတော်၏ ဒီမိုကရေစီလမ်းကြောင်း တည့်မတ်အောင်မြင်စွာ လျှောက်လှမ်းနိုင်စေရန်အတွက်လည်းကောင်း၊ စစ်မှန်တည်တံ့ခိုင်မြဲသည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန်အတွက် လည်းကောင်း၊ တိုင်းရင်းသားပြည်သူအားလုံး၏ ငြိမ်းချမ်းသာယာဝပြောသော အနာဂတ်နှင့် ကောင်းမွန်သော ပစ္စုပ္ပန်ကို အစိုးရနှင့် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းလက်တွဲ တည်ဆောက်ကြရမည့် အချိန်အခါဖြစ်သည့်အားလျော်စွာ သတင်းမီဒီယာသမားများ၊ သတင်းဌာနများသည်လည်း နိုင်ငံတော်၏စတုတ္ထမဏ္ဍိုင်အဖြစ် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

၄။ သို့ရာတွင် အချို့သော မီဒီယာသမားများနှင့် သတင်းဌာနများသည် သဘောထားရိုးဖြောင့်မှုမရှိဘဲ အထက်ပါ နိုင်ငံတော်နှင့် ပြည်သူများ၏ မျှော်မှန်းချက်ကို သွေဖည်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ကြံစည်ဆောင်ရွက်မှု၊ လှုံ့ဆော်မှုအချို့ကိုလည်းကောင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းတို့အပေါ် ပုတ်ခတ်မှုများကို လည်းကောင်း ဆောင်ရွက်လျက်ရှိနေသည်ကို လေ့လာတွေ့ရှိရပါသည်။ ထိုကဲ့သို့ ဆောင်ရွက်မှုသည် သတင်းမီဒီယာကဏ္ဍ၏ မှန်ကန်သောရပ်တည်မှုကို ထိခိုက်လာနိုင်သောကြောင့် အဆိုပါလုပ်ရပ်များကို တားမြစ်ပါကြောင်းနှင့် ထိုကဲ့သို့ ဆောင်ရွက်မှုကြောင့် နောက်ဆက်တွဲ ဖြစ်ပေါ်လာမည့် ကိစ္စရပ်များကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ကူညီဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## ကျိုက္ခမီမြို့ဆုတောင်းပြည့်ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**သံဖြူဇရပ် အောက်တိုဘာ ၂၁**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ဆုတောင်းပြည့်ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ကျိုက္ခမီမြို့ သာသနာ့ ဗိမာန်တော်ကြီး၌ ကျင်းပခဲ့သည်။



ညှိနှိုင်း အစည်းအဝေးတွင် ကျိုက္ခမီရေလယ်ဘုရား ဘဏ္ဍာထိန်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သန်းနှင့် သံဖြူဇရပ်မြို့နယ် တပ်နယ်မှူး ဗိုလ်မှူးချုပ်ထွန်းနိုင်ဦးတို့က ကျိုက္ခမီမြို့ ရေလယ် ဆံတော်ရှင်မြတ်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ပြုလုပ်မည့် အစီအမံများကို အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် ဦးကျော်မြင့်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးလွင်တို့က ဘုရားပွဲတော် ကျင်းပရေးနှင့် ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရာတွင် လုံခြုံရေးဆိုင်ရာ လုပ်ငန်းများ စီမံထားရှိမှုတို့ကို တင်ပြဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကော်မတီဝင်များကလည်း လုပ်ငန်းအလိုက် ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြဆွေးနွေးရာ တာဝန်ရှိသူများက လုပ်ငန်းအလိုက် တင်ပြချက်များအပေါ် ပြန်လည်ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ကျိုက္ခမီ ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင် မြတ်ဘုရားကြီး၏ဗုဒ္ဓပူဇနိယပွဲတော်အား နှစ်စဉ် သီတင်းကျွတ်လဆန်း ၁၄ ရက်မှ လပြည့်ကျော် ၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## သထုံမြို့လုံးဆိုင်ရာ ပရိယတ္တိဓမ္မပူဇာ ဆွမ်းဆန်တော်၊ ဆီနှင့် နဝကမ္မလှူဖွယ်များ ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**သထုံ အောက်တိုဘာ ၂၁**

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာရှင်ပြည်သူများစုပေါင်း၍ မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်ကြီးများ၌ သီတင်းသုံးနေထိုင်ကြသော ပရိယတ္တိဝန်ဆောင်သံဃာတော်အရှင်မြတ်များထံ ပရိယတ္တိဓမ္မပူဇာ ဆွမ်းဆန်တော်၊ ဆီနှင့် နဝကမ္မလှူဖွယ်များ ဆပ်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီခန့်က ရွှေစာရံစေတီတော်မြတ်ကြီးရင်ပြင်တော်ပေါ်ရှိ သုဝဏ္ဏဘူမိ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

ဦးစွာ သထုံမြို့ သဒ္ဓမ္မဇောတိကာရာမကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တ သုမနာဘိဝံသထံမှ တက်ရောက်လာကြသည့်ဧည့်ပရိသတ်အပေါင်းတို့က သီလခံယူဆောက်တည်ကြသည်။

ယင်းနောက် သထုံတပ်နယ်မှူး ဗိုလ်မှူးကြီး အောင်အောင်ဟိန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးမင်းစိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်အေးခန့်နှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာသူများက ဆရာတော်ကြီးများထံ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပေးခဲ့ကြပြီး သဒ္ဓမ္မဇောတိကာရာမကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် သထုံမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်ပေါင်း ၃၈ ကျောင်းတို့အတွက် တန်ဖိုးငွေကျပ် စုစုပေါင်း ၂၀၇၈၅၀၀၀ ရှိ ဆွမ်းဆန်၊ ဆီနှင့် နဝကမ္မအလှူငွေတို့ကို ဆက်ကပ်လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဆဋ္ဌမအကြိမ်မြောက် သက်ကြီးသတင်းထောက်များအား ပူဇော်ကန်တော့ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၁**

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့၏ အဖွဲ့ဝင် အသက် ၇၅ နှစ်ပြည့် မြို့နယ်သတင်းထောက်ကြီးများအား ဆဋ္ဌမအကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို ယနေ့နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရားရှိ သန္တိသုခဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာလူမှုကူညီရေးအဖွဲ့ ဂုဏ်ထူးဆောင်နာယက ဦးရဲမြင့်ဖေက မုဒိတာစကား ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်းက ပူဇော်ကန်တော့ပွဲ ကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး အတွင်းရေးမှူး ဦးတင်ဝင်းက ပူဇော်ကန်တော့ပွဲငွေစာရင်းအား ရှင်းလင်းတင်ပြသည်။

ယင်းနောက်မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အသင်းဝင်သတင်းထောက်များက မုဒိတာစကားများ ပြောကြားကြသည်။

ထို့နောက် သက်ကြီးသတင်းထောက်များအား ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့၍ ကန်တော့ငွေနှင့် ဂါရဝပြုပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကန်တော့ခံ သက်ကြီးသတင်းထောက်ကြီး တစ်ဦးက ဆုပေးစကားပြောကြားသည်။



ယခုနှစ်တွင် အသက် ၁၀၄ နှစ်ရှိ အဘိုးတစ်ဦး အပါအဝင် ကန်တော့ခံသက်ကြီးသတင်းထောက် ၁၈ ဦးအား ပူဇော်ခဲ့ကာ မတက်ရောက်နိုင်သည့် သက်ကြီးသတင်းထောက်ကြီးများကို Kpay၊ Wave Money တို့ဖြင့် လွှဲပြောင်းပေးပို့ကန်တော့မည်ဖြစ်ကြောင်း သိရသည်။

**လင်းရာမ**



## အယ်လ်နီညိုရာသီဥတုကြောင့် မွေးမြူရေးကဏ္ဍအပေါ်သက်ရောက်နိုင်မှု အသိပညာပေး ဟောပြော

**ကော့မှူး အောက်တိုဘာ ၂၁**

အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်မှုကြောင့် မွေးမြူရေးကဏ္ဍများအပေါ် သက်ရောက်နိုင်မှုများနှင့် ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့ ဘုရားလမ်းရပ်ကွက် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် တွံတေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် ကော့မှူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်လဲ့မွန်တင့်တို့က အယ်လ်နီညိုရာသီဥတုကြောင့် ငါးလုပ်ငန်းကဏ္ဍအပေါ် သက်ရောက်နိုင်မှုများနှင့် အပူချိန်အမြင့်မားဆုံးကာလများဖြစ်သည့် ဖေဖော်ဝါရီနှင့် မတ်လတို့တွင် ငါးမွေးမြူသူများအနေဖြင့် ကြိုတင်ကာကွယ်နိုင်ရန် နည်းလမ်းများ၊ အယ်လ်နီညိုဖြစ်ပွားပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ရေလုပ်သားများနှင့် ငါးမွေးမြူရေး လုပ်သားများ သိရှိနိုင်စေရေး အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ကျော်သူရ(ပြန်/ဆက်)**

# ချောင်းသာကမ်းခြေ၌ သီတင်းကျွတ်ပွဲတော်အကြိုခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး MSMEs ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်

ပုသိမ် အောက်တိုဘာ ၂၁

သီတင်းကျွတ်ပွဲတော်အကြို ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး (MSMEs)လုပ်ငန်းများ ကြိမ်၊ ဝါး၊ ဇေဒါ လက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ချောင်းသာကမ်းခြေ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဦးစွာ သီတင်းကျွတ်ပွဲတော်အကြို ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး (MSMEs) လုပ်ငန်းများ ကြိမ်၊ ဝါး၊ ဇေဒါ လက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်မုခ်ဦးအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကောင်စီဥက္ကဋ္ဌ စီးပွားရေးရာဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က "ချောင်းသာကမ်းခြေ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းဒေသကြီးမှထွက်ရှိသည့် MSMEs ထုတ်ကုန်များကို ခရီးသွားများနှင့် ဒေသခံပြည်သူများ လေ့လာနိုင်ရန် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ခရိုင် မြို့နယ်အလိုက် ကုန်ကြမ်းများပေါ်အခြေခံ၍ ထုတ်ကုန်များ မြှင့်တင်လျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် ကမ်းခြေခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်းနှင့် ကြိမ်၊ ဝါး၊ ဇေဒါ လက်မှုထုတ်ကုန်ပစ္စည်းများကိုလည်း ပြည်တွင်း၊ ပြည်ပခရီးသွားပြည်သူများ ဝယ်ယူလေ့လာနိုင်စေရန် ပြသခြင်းလည်းဖြစ်ကြောင်း၊ သီတင်းကျွတ်ပွဲတော်အကြို ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်ကုန်ပစ္စည်းများအား ပြပွဲနှင့် ရောင်းချခြင်းများကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးမှ ထွက်ရှိသည့် ထွက်ကုန်များကို အချိန်တိုအတွင်း တစ်နေရာတည်းတွင် စုစည်းပြသထားသဖြင့် လာရောက်လေ့လာ ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း" အဖွင့်အမှာ စကားပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ခင်းကျင်းပြသထားသည့် MSMEs ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ချောင်းသာကမ်းခြေ၌ သီတင်းကျွတ်ပွဲတော်အကြို ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး (MSMEs)လုပ်ငန်းများ ကြိမ်၊ ဝါး၊ ဇေဒါ လက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ကို အောက်တိုဘာ ၂၁ ရက်မှ ၂၂ ရက်အထိ နှစ်ရက်တိုင်တိုင် ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများ ဝယ်ယူလေ့လာနိုင်စေရန် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မော်လမြိုင်မြို့၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးလှုပ်ရှားမှုများ ဆောင်ရွက်

မော်လမြိုင် အောက်တိုဘာ ၂၁

မော်လမြိုင်မြို့တွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီအနေဖြင့် အများပြည်သူ အပန်းဖြေရာနေရာများ၌ အစဉ်အမြဲ



သန့်ရှင်းသာယာလှပစေရေးအတွက် စွန့်ပစ်ပစ္စည်းများနှင့် ပလတ်စတစ်အမှိုက်များ ကင်းစင်စေရေး ပလတ်စတစ်သုံးစွဲမှုလျှော့ချစေရန် ရည်ရွယ်၍ အားလပ်ရက်လှုပ်ရှားမှုများ စဉ်ဆက်မပြတ်ဆောင်ရွက်မှုများကို ယနေ့နံနက်ပိုင်းတွင် ဘဲကုန်းရပ်ကွက် အေးသာယာဈေးအတွင်း/အပြင်နှင့် ပတ်ဝန်းကျင်လမ်းတစ်လျှောက် Sunday Stop လှုပ်ရှားမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါ Sunday Stop လှုပ်ရှားမှုတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ အခြေခံပညာဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ အမျိုးသမီးရေးရာအဖွဲ့နှင့် ရပ်မိရပ်ဖများ စသည့်ဌာနဆိုင်ရာအဖွဲ့အစည်းမှ တာဝန်ရှိသူများ စုစုပေါင်း ၂၅ ဦး ပါဝင်ဆောင်ရွက်ပြီး အများပြည်သူများအား ပလတ်စတစ်လျှော့ချသုံးစွဲရေးနှင့် ပတ်သက်သည့် အသိပညာပေးဟောပြောခြင်းများ၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



# ကျိုက်ထိုမြို့နယ်၌ လူငယ်ကဏ္ဍဖွံ့ဖြိုးရေး အေရိုးဗစ်သင်တန်း ဖွင့်လှစ်

ကျိုက်ထို အောက်တိုဘာ ၂၁

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ပညာရေးဌာနတို့ပူးပေါင်း၍ ကိုယ်ကာယကျန်းမာကြံ့ခိုင်ရေး (အေရိုးဗစ်)သင်တန်းကို ယနေ့နံနက်ပိုင်းက မြို့နယ်လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး သင်တန်းနည်းပြဆရာမ မအိအိငယ်နှင့် မအေးမြတ်မွန်တို့က အေရိုးဗစ်ပြုလုပ်ခြင်း၏ အကျိုးကျေးဇူးနှင့် ကကွက် ၄၆ ကွက် အကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ အခြေခံပညာကျောင်းများမှ ကျောင်းသူ ၂၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းစု နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းစု(GEC)၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တိုင်းသမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး တိုင်းသမဝါယမဦးစီးဌာန တိုင်းဦးစီးမှူးဒေါ်ဥမ္မာမြင့်က အဖွင့်အမှာစကားပြောကြားပြီး အသင်း၏ ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်း၊ အသင်းစာရင်းစစ်



အစီရင်ခံစာများကို တာဝန်ရှိသူများက ဖတ်ကြားပြီး အသင်းဝင်ကိုယ်စားလှယ်များထံ အတည်ပြုချက်ရယူခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



# ရေတာရှည်မြို့နယ်၌ ဆောင်းသီးနှံပန်းတိုင်အထွက်နှုန်းပြည့်မီကျော်လွန်စေရေး အသိပညာပေးဆွေးနွေး

ရေတာရှည် အောက်တိုဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့က ယနေ့နံနက်ပိုင်းတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေလင်းဇော်က ဆောင်းသီးနှံမြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ မတ်ပဲများ အထွက်နှုန်းကောင်းမွန်စေရေးအတွက် အထွက်ကောင်းမျိုးကောင်းမျိုးသန့်များ သုံးစွဲရန်နှင့် ဆောင်းသီးနှံစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းစေရေးအတွက် လိုက်နာဆောင်ရွက်ရမည့် နည်းစနစ်များ၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမြတ်လင်းက နွေစပါးရေပေးဝေမည့် အခြေအနေများနှင့် စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်စိန်က အဆင့်မြင့်လယ်ယာဖော်ထုတ်ပေးမည့် အခြေအနေများကို ဆွေးနွေးသည်။ ထို့နောက် တောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

# တို့ဘိုးဘွားယဉ်ကျေးမှုအမွေအနှစ်မို့ ......

ခင်သန်းမြင့်



အသက်ကြီးလာလို့ထင်ပါရဲ့။ ကျွန်မဖြင့် အခုနောက်ပိုင်း မြန်မာသံစဉ် တေးသီချင်းတွေကို ပိုပြီးနှစ်သက်မြတ်နိုးလာတယ်။ နိုင်ငံကျော် အဆိုတော်ကြီးတွေဖြစ်ကြတဲ့ တင်တင်မြ၊ မာမာအေး၊ ရီရီသန့်၊ သုမောင်၊ ဝင်းဦး၊ စန္ဒရား လှထွဋ်၊ စန္ဒရားချစ်ဆွေ၊ တွံတေးသိန်းတန်၊ ဟသ်ာတ ထွန်းရင်တို့ရဲ့ တေးသီချင်းတွေ၊ နံနက်ခင်း မင်္ဂလာ တေးတွေ၊ ရေကင်းသံ၊ ပြောသံ၊ စည်သံတွေကို နားသောတဆင်ရတာ ပိုပြီးနားဝင်ပီယံရှိလာတယ်။

မြန်မာဂီတအနုသုခုမရဲ့ အခြေခံသဘောကိုက သိမ်မွေ့ခြင်း၊ နူးညံ့ပျော့ပျောင်းခြင်း၊ အေးချမ်း သာယာခြင်း၊ စိတ်နှလုံးမွေ့လျော်ခြင်းစတဲ့ လက္ခဏာရှိလေတော့ သက်ကြီးရွယ်အိုတွေရဲ့ ငြိမ်းငြိမ်းချမ်းချမ်းနေလိုတဲ့ သဘောသဘာဝနဲ့ ထပ်တူကျ ထင်ဟပ်လို့နဲ့တူပါတယ်။

**စည်းမျဉ်းစည်းကမ်း၊**
**ဥပဒေတွေကိုယ်စီနဲ့သတ်မှတ်**

မြန်မာဂီတဆိုတာကလည်း ဆိုချင်သလိုဆို၊ စပ်ချင်သလိုစပ်၊ တီးချင်သလိုတီးလို့ရတဲ့ ဂီတ အမျိုးအစားမှမဟုတ်တာ။ ရှေးရှေးကတည်းက စည်းမျဉ်းစည်းကမ်း၊ ဥပဒေတွေကိုယ်စီနဲ့ သတ်မှတ်ချက်ထားရှိပြီးသား။

သီချင်းကြီးဆိုလည်း သူ့စည်းသူ့ကမ်း သူ့ဘောင်နဲ့။ ဘောလယ်၊ ယိုးဒယားပတ်ပျိုး၊ ဘွဲ့၊ ရတု၊ ရကန်၊ ပျို့၊ လင်္ကာတို့ဆိုလည်း သူ့စပ်နည်း စပ်ဟန်၊ ရေးနည်းရေးဟန်၊ ဆိုနည်းဆိုဟန်တွေ ရှိကြတယ်။ ရတုနဲ့ရကန်မှာတောင် အသံတည်ပုံ၊ အသံအလေးအနက်၊ အတက်အကျ၊ အနိမ့်အမြင့် မတူဘဲ ကွဲပြားခြားနားမှုရှိတယ်လို့ သိရတယ်။ ရှေးက ရှင်ဘုရင်ရှေ့တော်မှာဆိုရတဲ့ အဆိုရှင်တွေ ဆိုရင် သတ်မှတ်ပေးထားတဲ့ ဘောင်အတွင်းက ကျော်ပြီး ဆိုခွင့်မရှိဘူး။ မဆိုတတ်လို့၊ မဆိုနိုင်လို့က အာဖွဲ့ခြင်းခံရတယ်လို့ဆိုတယ်။

ဆိုင်းဝိုင်းဆိုလည်း အချို့က တဒုန်းဒုန်း တဒိုင်းဒိုင်းမြည်အောင်တီးမှ ဆိုင်းကောင်းလို့ ယူဆကြတယ်။ ဒါပေမဲ့ တကယ့်နားလည်တဲ့ ဝါသနာရှင်တွေ၊ ပညာရှင်တွေကတော့ လူအများ နားခံသာစေဖို့ ငြိမ့်ငြိမ့်ညောင်းညောင်း သာယာနာပျော်ဖွယ် ဖြစ်အောင်၊ ပီသအောင် ကြေးကိုဦးစားပေးသင့်တဲ့ အခါပေး၊ မောင်းကို ဦးစားပေးသင့်ကပေး၊ နှဲကို ဦးစားပေးသင့်ကပေးပြီးတီးမှ တကယ့်ဆိုင်းဝိုင်းလို့ သတ်မှတ်ကြပါတယ်။ မြန်မာ့ဆိုင်းလောကမှာ နာမည်ကျော်ကြားထင်ရှားခဲ့တဲ့ ဆိုင်းဆရာစိန်ဗေဒါ ဟာ ဆိုင်းကို မြည်အောင်တီးသူမဟုတ်ဘဲ ပီသ အောင်တီးသူ ဖြစ်တယ်လို့ဆိုပါတယ်။ အလားတူ စိန်ဗိုလ်တင့်ဟာလည်း လူတကာစွဲမက်အောင် ပညာသားပါပါ တီးခတ်နိုင်ရုံမက တီထွင်မှုရှိပြီး လုံ့လဝီရိယကြီးသူလို့လည်း ထင်ရှားခဲ့ပါတယ်။

မြန်မာ့ဆိုင်းဝါသနာရှင်တွေကတော့ စိန်ဗေဒါ နဲ့ လေဘာတီမမြရင်တို့ အတွဲညီသလို စိန်ဗိုလ်တင့်နဲ့ အမာစိန်တို့ကလည်း အတွဲညီတယ်လို့ ဆိုကြတယ်။ စိန်ဗိုလ်တင့်နဲ့ အမာစိန်တို့အတွဲဆိုရင် တစ်ခေတ် တစ်ခါက ရန်ကုန်လူထုတွေ ကြက်ပျံမကျ အားပေး ကြည့်ရှုခဲ့ကြတယ်ပေါ့။

မင်းသမီးဆိုလည်း ကိုယ်ပိုင်အသံနဲ့ဆိုတတ်မှ၊ ကကြိုးစုံအောင်ကတတ်မှ၊ အငြိမ့်မင်းသမီးဆိုလည်း ရည်းစားမျှော် အဆို၊ အကတတ်မှ။ မင်းသား ဆိုလည်း ဆိုတတ်၊ ငိုတတ်၊ ကတတ်ရုံမက ဇာတ်ရုပ် အသွင်ပေါ်အောင် အမူအရာကောင်းမှ။ ခွန်းထောက် ဆိုတတ်ရုံမျှ မင်းသားမဖြစ်၊ လက်ခြောက်တတ်ရုံမျှ နှင့် မင်းသမီးမဟုတ်လို့ ဆိုစကားရှိတယ်။ ရှေးအခါ လူပြက်ဆိုလည်း ယောကျ်ားတို့တတ်အပ်တဲ့ အတတ်ပညာတစ်ဆယ့်ရှစ်ရပ်ထဲမှာ တစ်ခုအပါ အဝင်ဖြစ်တဲ့ လူပြက်ပညာ၊ လူပြက်အတတ် ဝမ်းစာ ပြည့်ပါမှ ပရိသတ်ရဲ့အားပေးလက်ခံမှုကို ရကြတာ။

**မတိမ်ကော၊ မပပျောက်စေဖို့**
**လက်ဆင့်ကမ်းသင်ကြား**

မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပညာရပ်တွေ မတိမ်ကော၊ မပပျောက်စေဖို့ ပညာရှင်တွေကလည်း ဆရာစဉ် ဆရာဆက် လက်ဆင့်ကမ်းသင်ကြားပြီး ကျားကန်ပေးခဲ့သလို မျိုးချစ်စာပေပညာရှင်ကြီးတွေကလည်း အကြံပြု ဝေဖန်ထောက်ပြခဲ့ကြပါတယ်။

ဆရာကြီး သခင်အောင်ဖေက "ဘာပဲ ပြောပြော **ဇာတ်၊ အငြိမ့်၊ သဘင်များ ခါးဆက် ပြတ်လုနီးနီး ဖြစ်ခဲ့ကြသည်။ အနုပညာမြတ်နိုးသူ တို့က သတိရ၍ ခါးဆက်လုံးလုံးမပြတ်ခင် ဆက်ပေးသောကြောင့် ဝမ်းသာကြရသည်။ စင်စစ် မိရိုးဖလာက ဆင်းသက်လာသည့် အနုပညာ ဘာသာရပ်များ မတိမ်ကော မပပျောက်ရန် တာဝန် ကိုယ်စီရှိကြသည်။ ကျွန်ုပ်တို့သည် ရှိပြီးမိရိုးဖလာ၊ ရိုးရာယဉ်ကျေးမှုပညာရပ်များကို ပြုပြင်ပေးသင့်က ပြုပြင်ပေးရမည်။ သတိပြုရန်ကား အရိုးကိုအရွက် မဖုံးရပေ**"လို့ အကြံပြုရေးသားခဲ့ပါတယ်။

**အဆိုအက ထိုနှစ်ဝ**

ဆရာမကြီး လူထုဒေါ်အမာကလည်း တစ်ခေတ်တစ်ခါက ထင်ရှားကျော်ကြားခဲ့ကြတဲ့ အနုပညာရှင်တွေအကြောင်းကို "ပြည်သူချစ်သော အနုပညာသည်များ"၊ "အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံး၊ ရွှေမန်းတင်မောင်"ဆိုပြီး တခုတ်တရ မှတ်တမ်းတင်ရေးသားခဲ့ပါတယ်။ ဆရာမကြီးက **"ဖတ်ဖူးသူတွေက ဒီစာအုပ်တွေကို ကျွန်မ ဒီလို ရေးနိုင်တာဟာ ကျွန်မကိုယ်တိုင် ကိုယ်နှိုက်က အဆို၊ အတီး၊ အကစတဲ့ ပညာတစ်ခုမဟုတ်တစ်ခု တော့ အနည်းဆုံးတတ်လိမ့်မယ်၊ ဒါကြောင့် ဒီလို ရေးနိုင်တာလို့ ထင်ကြပါသတဲ့။ ကျွန်မဘာကိုမျှ မတတ်ပါဘူး။ မယုံမရှိပါနဲ့ ကျွန်မရေးပြပ့ါမယ်"** ဆိုပြီး နေရှင်နယ်ကျောင်းသူဘဝ၊ နေရှင်နယ်ဒေး ကပွဲမှာ ဗန္ဓုလစစ်သူကြီးအဝတ်အစားနဲ့ ခေါးလွတ် ကိုင်ပြီး ကြိမ်းဝါးတဲ့အခါ စာသားမေ့နေလို့ ချွေးပြန် ခဲ့ရပုံတွေ၊ သီချင်းဆိုတဲ့အခါ အဆိုနဲ့အသံ မကိုက် လို့ ရွာစားကြီးစိန်ဗေဒါ ချွေးပြန်ခဲ့ရပုံတွေ၊ ကိန္နရီ ယိမ်းကတဲ့အခါ ရှေ့က ကနေသူရဲ့ ထဘီအနားကို တက်နင်းမိလို့ ရှေ့ကသူခမျာ ဟပ်ထိုးဟပ်ထိုးနဲ့ ပုံပျက်ပန်းပျက်ဖြစ်ခဲ့ရပုံတွေကို "အဆို အက ထိုနှစ်ဝ" ခေါင်းစဉ်နဲ့ ရေးသားခဲ့ပါတယ်။

ဒ့ါအပြင် ဆရာမကြီးလူထုဒေါ်အမာဟာ မြန်မာနိုင်ငံအတွင်းကို ထိုးဖောက်ဝင်ရောက်လာတဲ့ အနောက်တိုင်းယဉ်ကျေးမှုပြဿနာနဲ့ပတ်သက်ပြီး ကလေးတွေ အတွေးအမြင်မမှားရလေအောင် ၁၉၉၄ ခုနှစ် နိုဝင်ဘာလထုတ် မိုးဂျာနယ်မှာ **"လူကြီးတွေက ဝိုင်းပြီးထိန်းသိမ်းကြပါဦးစို့"**ဆိုတဲ့ ခေါင်းစဉ်နဲ့ဆောင်းပါးရေးသားခဲ့ပါတယ်။

**ခေတ်အလိုနှင့်ညီညွတ်အောင် ပြုပြင်**

ဆရာကြီးသိန်းဖေမြင့်ကတော့ မြန်မာ့ ဇာတ်သဘင်ခေတ်သစ်ကို တည်ထောင်နိုင်ကြရန် ဆိုပြီး ဇာတ်သဘင်က တင်ပြသော အကြောင်းအရာ များကို ခေတ်အလိုနှင့်ညီညွတ်အောင် ပြုပြင်ထိုက် လေပြီ။ တင်ပြသောအကြောင်းအရာတို့သည် ဇာတ်နိပါတ်၊ ရာဇဝင်တို့ဖြင့် ရောင့်ရဲမနေအပ်တော့ ချေ။ ကာလပေါ်ဝတ္ထု၊ ပြဇာတ်နှင့် ရုပ်ရှင်တို့သည် ခုမျက်မှောက်ဖြစ်ပျက်ရင်းတို့ကို အခြေခံ၍ ဇာတ်ကွက်ဇာတ်လမ်း တည်ဆောက်သလို ကဇာတ် ၏ဇာတ်ကွက်ဇာတ်လမ်းများကို တည်ဆောက်ဖို့ လိုလေပြီ။

အက၊ အဆိုများတွင်လည်း ဦးဖိုးစိန် တိုးချဲ့ တီထွင်ခဲ့သည့်နည်းအတိုင်း မြန်မာ့အမျိုးသားဟန် များကို မပျောက်စေဘဲ၊ အရိုးကိုအရွက်မဖုံးစေဘဲ၊ အတိတ်အစဉ်အလာများနှင့် အဆက်မပြတ်စေဘဲ၊ အမျိုးသားဟန်တို့နှင့် ခွကန့်လန့်မဖြစ်စေဘဲ အသစ် များဖြည့်ခြင်း၊ နိုင်ငံခြားမှခေတ်မီဟန်စနစ်များကို ငုံယူကာ အကသစ်၊ အဆိုသစ်၊ ဟန်သစ်များကို ထွင်ထိုက်လေပြီ။

ဒိုးပတ်၊ အိုးစည်စသော တောခလေ့အကမျိုးကို လည်း ပိုခေတ်စားအောင် ဇာတ်ခုံပေါ်မှာအားပေး သင့်၏။ အကြောင်းမူကား ထိုအကတို့သည် လူကို အားတက်စေသည်။ ကြွစေသည်။ မြူးစေသည်။ ၎င်းပြင်လူထုကိုချစ်စေသည်။ ဥပမာ "ကောက်စိုက် ခြင်း" အကသည် တောင်သူလယ်သမားကို ချစ်စေ သည်။ ကောက်စိုက်ခြင်းအကလို လက်ဖက်ရွက် ခူးသည့်အကမျိုး၊ မြေတူး မြေပေါက် ရေကာတာ ဆောက်သည့်အကမျိုးကို တီထွင်ထိုက်၏။ ထိုအက မျိုးကိုကြည့်ရင်း ထိုအလုပ်ကိုလည်းကောင်း၊ ထိုအလုပ်သမားကိုလည်းကောင်း ချစ်လာစေသည်။

ဇာတ်ပြချိန်ကိုလည်း ပြင်ထိုက်လေပြီ။ တစ်ည လုံး မိုးအလင်းကသည့်စနစ်မှာ ဘယ်ဘက်က ကြည့်ကြည့်မကောင်း။ လူတိုင်းကလည်း မကောင်း ဟု ဝန်ခံကြသည်။ အချိန်တိုတိုနှင့် အရသာအပြည့် ပါအောင် ပြုပြင်အပ်ပေသည်။

အဝတ်တန်ဆာများကိုလည်း သင့်လျော်သလို ပြုပြင်သွားဖို့၊ နောက်ခံကား၊ ဆက်တင်အခမ်းအနား၊ မီးထိုးပုံ စသည်များလည်း ပြုပြင်သွားဖို့ ၁၉၅၃ ခုနှစ် က "ဇာတ်ဆရာဦးဖိုးစိန်" ဆောင်းပါးမှာ အကြံပြု ရေးသားသွားခဲ့ပါတယ်။

တစ်ဆက်တည်းမှာပဲ အထက်ဖော်ပြပါအချက် များအတိုင်း ပြုပြင်နိုင်မှသာ ဇာတ်သဘင်ခေတ်သစ် တစ်ခု ဖြစ်ပေါ်ပေလိမ့်မယ်၊ ဇာတ်သဘင်ဟာ မတိမ် ကော မပပျောက်ဘဲ တိုးတက်ထွန်းကားလိမ့်မယ် လို့လည်း ဆရာကြီးသိန်းဖေမြင့်က ဆိုပါတယ်။

သို့ပေမယ့် နောက်ပိုင်းကာလမှာ ကမ္ဘာကြီး ဟာ ရွာကြီးတစ်ရွာလို ဖြစ်လာတဲ့အချိန်မှာတော့ ခေတ်အခြေအနေအရ နိုင်ငံငယ်တွေရဲ့ ကိုယ်ပိုင် ယဉ်ကျေးမှု ဝိသေသလက္ခဏာတွေဟာ အရိုးပေါ် အရွက်ဖုံးလာရုံမက အချို့ဆို ပျောက်ကွယ်ပျက်စီး လုနီးနီး ဖြစ်လာခဲ့ရပါတယ်။

ပျူခေတ်ကာလမှ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ဟံသာဝတီ၊ ညောင်ရမ်း၊ ကုန်းဘောင်၊ ရတနာပုံစတဲ့ ခေတ်ကာလအဆက် ဆက် ကိုယ့်ထီးကိုယ့်နန်းနဲ့ ယဉ်ကျေးမှုထွန်းကား ခဲ့တဲ့ မြန်မာနိုင်ငံမှာလည်း တိုင်းတစ်ပါးယဉ်ကျေးမှု တွေ စိမ့်ဝင်ထိုးဖောက်ဝင်ရောက်ပျံ့နှံ့လာမှုနဲ့အတူ

စာမျက်နှာ ၁၉ သို့

**✻ ဆိုင်းဝိုင်းဆိုလည်း အချို့က တဒုန်းဒုန်း တဒိုင်းဒိုင်းမြည်အောင်တီးမှ ဆိုင်းကောင်းလို့ယူဆကြတယ်။ ဒါပေမဲ့ တကယ့်နားလည်တဲ့ ဝါသနာရှင်တွေ၊ ပညာရှင်တွေကတော့ လူအများ နားခံသာစေဖို့ ငြိမ့်ငြိမ့်ညောင်းညောင်း သာယာနာပျော်ဖွယ် ဖြစ်အောင်၊ ပီသအောင် ကြေးကိုဦးစားပေးသင့်တဲ့အခါပေး၊ မောင်းကိုဦးစားပေးသင့်ကပေး၊ နှဲကိုဦးစားပေးသင့်ကပေးပြီး တီးမှ တကယ့်ဆိုင်းဝိုင်းလို့သတ်မှတ်ကြ**

**✻ မင်းသမီးဆိုလည်း ကိုယ်ပိုင်အသံနဲ့ဆိုတတ်မှ၊ ကကြိုးစုံအောင်ကတတ်မှ၊ အငြိမ့်မင်းသမီးဆိုလည်း ရည်းစားမျှော် အဆို၊ အကတတ်မှ။ မင်းသားဆိုလည်း ဆိုတတ်၊ ငိုတတ်၊ ကတတ်ရုံမက ဇာတ်ရုပ်အသွင်ပေါ်အောင် အမူအရာကောင်းမှ။ ခွန်းထောက်ဆိုတတ်ရုံမျှ မင်းသားမဖြစ်၊ လက်ခြောက်တတ်ရုံမျှနှင့် မင်းသမီးမဟုတ်လို့ ဆိုစကားရှိတယ်။ ရှေးအခါ လူပြက်ဆိုလည်း ယောကျ်ားတို့တတ်အပ်တဲ့ အတတ်ပညာတစ်ဆယ့်ရှစ်ရပ်ထဲမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ လူပြက်ပညာ၊ လူပြက်အတတ် ဝမ်းစာပြည့်ပါမှ ပရိသတ်ရဲ့ အားပေးလက်ခံမှုကိုရကြ**

❒ စာမျက်နှာ ၁၈ မှ

မိရိုးဖလာ မြန်မာ့ရိုးရာယဉ်ကျေးမှုပညာရပ်တွေဟာလည်း တဖြည်းဖြည်း အရိုးပေါ်အရွက်ဖုံးလာတယ်။ တိုင်းတစ်ပါးယဉ်ကျေးမှုအပေါ် အထင်ကြီးပြီး ကိုယ့်ရိုးရာယဉ်ကျေးမှုအပေါ် အထင်သေးလာကြတယ်။ လေးစားမြတ်နိုးတန်ဖိုးထားမှုတွေနည်းလာကြတယ်။

၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်မှာတော့ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်ရအောင်၊ လျော့ပါးမသွားစေရအောင်၊ တိုင်းတစ်ပါးယဉ်ကျေးမှုများရောနှောလွှမ်းမိုးမသွားစေရအောင် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ပညာရှင်ကြီးတွေရဲ့ အကြံဉာဏ်တွေ၊ ဦးဆောင်မှုတွေနဲ့ နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာကျင်းပပေးခဲ့ပါတယ်။ ပြိုင်ပွဲကြီးကနေ မျိုးဆက်သစ်မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး အနုပညာရှင်များစွာကိုလည်း မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ အချို့ဆိုရင် အနုပညာနယ်ပယ်မှာ ထင်ရှားကျော်ကြားသူတွေအဖြစ် ပေါ်ထွက်လာခဲ့ကြပါတယ်။

ပြီးခဲ့တဲ့ ဒီမိုကရေစီခေတ်ကာလမှာတော့ ခေတ်ရေစီးကြောင်းရဲ့ မျောပါမှုနဲ့အတူ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဟာ သိပ်ခေတ်မစားတော့ဘဲ နောက်ရောက်သွားခဲ့ပါတယ်။

**“နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအဖို့ နိုင်ငံရေး၊ စီးပွားရေးတို့က အရေးကြီးသလို ယဉ်ကျေးမှုကလည်း အရေးကြီးတယ်မဟုတ်ပါလား။ အိန္ဒိယခေါင်းဆောင်ကြီး နေရူးက အာရှတောင်ပိုင်းမှာ အိန္ဒိယယဉ်ကျေးမှုတွေ ပြန့်ပွားခဲ့ပုံတွေကို အထူးနှစ်ထောင်းအားရမိကြောင်း သူရေးတဲ့ Discovery of India စာအုပ်မှာ ဖော်ပြခဲ့သလို ခေတ်အဆက်ဆက် ယဉ်ကျေးမှုအမွေအနှစ်တွေ ထွန်းကားခဲ့တဲ့ ကျွန်မတို့ မြန်မာနိုင်ငံအနေနဲ့လည်း ကိုယ့်ရဲ့ မိရိုးဖလာကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်တွေကို မပြန့်ပွားရင်နေ၊ မတိမ်ကော၊ မပပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်ဖို့တော့လို”**

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီခေတ်မှာတော့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နှစ်စဉ်မပျက်မကွက် ပြန်လည်ကျင်းပပေးလာတဲ့အတွက် ပြိုင်ပွဲကြီးဟာ တစ်ဖန်သက်ဝင်နိုးထလာခဲ့ပါတယ်။

မကြာမီမှာ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာကျင်းပပါတော့မယ်။ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ပြိုင်ပွဲတွေရဲ့ အခြေခံပညာအဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ ဝါသနာရှင်အဆင့် စတဲ့ပြိုင်ပွဲတွေမှာ ဆုရရှိခဲ့ကြတဲ့ မျိုးဆက်သစ်အနုပညာရှင် အသီးသီးဟာလည်း တိုင်းဒေသကြီး၊ ပြည်နယ်ကိုယ်စားပြုပြီး မကြာမီဝင်ရောက်ယှဉ်ပြိုင်ကြပါတော့မယ်။

၂၀၂၃ ခုနှစ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နိုင်ငံတော်က **“အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာ အမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်းမြှင့်တင်ရေး၊ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားစေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး”**ဆိုတဲ့ ဦးတည်ချက်(၄)ရပ်နဲ့အညီ ကျင်းပသွားမယ်လို့ သိရပါတယ်။

မကြာမီကာလမှာ မျိုးဆက်သစ်တွေရဲ့အဆို၊ အက၊ အရေး၊ အတီးဆိုတဲ့ မြန်မာ့အနုသုခုမစွမ်းရည်တွေကို မြန်မာ့ရုပ်မြင်သံကြားမှတစ်ဆင့် ကျွန်မတို့အကဲဖြတ် ရှုစားအားပေးကြရပါတော့မယ်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအဖို့ နိုင်ငံရေး၊ စီးပွားရေးတို့က အရေးကြီးသလို ယဉ်ကျေးမှုကလည်း အရေးကြီးတယ်မဟုတ်ပါလား။ အိန္ဒိယခေါင်းဆောင်ကြီးနေရူးက အာရှတောင်ပိုင်းမှာ အိန္ဒိယယဉ်ကျေးမှုတွေ ပြန့်ပွားခဲ့ပုံတွေကို အထူးနှစ်ထောင်းအားရမိကြောင်း သူရေးတဲ့ Discovery of India စာအုပ်မှာဖော်ပြခဲ့သလို ခေတ်အဆက်ဆက် ယဉ်ကျေးမှုအမွေအနှစ်တွေ ထွန်းကားခဲ့တဲ့ ကျွန်မတို့ မြန်မာနိုင်ငံအနေနဲ့လည်း ကိုယ့်ရဲ့ မိရိုးဖလာ ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်တွေကို မပြန့်ပွားရင်နေ၊ မတိမ်ကော၊ မပပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်ဖို့တော့လိုတာပေါ့။ ။

## နေပြည်တော်(တပ်ကုန်း)ရှိ မြန်မာ့ရုပ်မြင်သံကြား၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော



နေပြည်တော် အောက်တိုဘာ ၂၁

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက နေပြည်တော်(တပ်ကုန်း)ရှိမြန်မာ့အသံနှင့် ရုပ်မြင်သံကြား Auditorium ခန်းမ၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန (နေပြည်တော်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သိင်္ဂီတိုး၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (နေပြည်တော်) မှ ဦးစီးအရာရှိ ဦးကျော်သီဟနှင့် ယာဉ်စစ်ဆေးရေးမှူး ဦးနိုင်ငွေလင်းတို့က ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှု ဥပဒေပါ တားမြစ်ချက်များနှင့် ပြစ်ဒဏ်များ၊ ၂၀၂၂ ခုနှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု နည်းဥပဒေများပါ ယာဉ်သွားလာမှု စည်းကမ်းများ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ၊ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများ၊ အချက်ပြများ၊ ယာဉ်တိုက်ခိုက်မှုဖြစ်ရသည့် အကြောင်းအရင်းများ၊ မော်တော်ဆိုင်ကယ် စီးနင်းသူများ လိုက်နာရမည့် စည်းကမ်းများ၊ အချက်ပြမီးကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မှန်မှန်ကန်ကန် အသုံးပြုနိုင်စေရေးအတွက် စနစ်တကျ ဟောပြောခြင်းနှင့် ယာဉ်မောင်းသူများ လိုက်နာရမည့် အမူအကျင့်များကို ရှင်းလင်းပြောကြားပြီး အမေးအဖြေများ ဆောင်ရွက်ကြသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံး ရှေ့တွင် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်စုစုပေါင်း ၁၅၀ အား မော်တော်ဆိုင်ကယ်စီးနင်းမှု၊ ကျွမ်းကျင်မှု စစ်ဆေးခြင်းများ ဆောင်ရွက်ပြီး မော်တော်ယာဉ်မောင်း လိုင်စင် (က)လိုင်စင်များ ဆောင်ရွက်ပေးသည်။

ထိုကဲ့သို့ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်ပေးခြင်းဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများတွင် ယာဉ်စည်းကမ်းနှင့် လမ်းစည်းကမ်းများကို ရှင်းလင်းစွာ သိရှိနားလည်ပြီး အများပြည်သူဆိုင်ရာ လမ်းမပေါ်တွင် ယာဉ်များ စနစ်တကျမောင်းနှင်နိုင်မည့် အကျိုးကျေးဇူးများ ရရှိကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

### ဓာတ်ခွဲနမူနာစုစုပေါင်း ၂၄၁၈ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၁-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၂၀-၁၀-၂၀၂၃) ရက်နေ့၊ ည(၈:၀၀) နာရီမှ (၂၁-၁၀-၂၀၂၃) ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၄၁၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ အမှတ်(၉)ရပ်ကွက်ရှိ အထွေထွေရောဂါကုဆေးရုံကြီးနှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)လမ်းသစ်ကျောင်းတို့၌ အောက်တိုဘာ ၂၁ ရက်တွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေး ကြီးကြပ်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းဦးဆောင်၍ စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူ့လုံခြုံရေးအဖွဲ့များ၊ ပြည်သူ့စစ်များနှင့် ပြည်သူများစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

## ရွှေပြည်သာမြို့နယ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ပူးပေါင်းဆောင်ရွက်



ရွှေပြည်သာ အောက်တိုဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်အတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ပူးပေါင်းဆောင်ရွက်ပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၄)လမ်းမကြီး လှော်ကား-တာဆုံ မီးပွိုင့်အနီး အလက(၁)ရှေ့၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ကျောင်းသား ကျောင်းသူများစာမေးပွဲဖြေဆိုနေချိန်တွင် သွားလာမှုအဆင်ပြေစေရန် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရန် ယာဉ်ကြောပိတ်ဆို့မှုများ လျှော့ချနိုင်စေရန်အတွက် အမှတ်(၆၅) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ဒုရဲအုပ်တင်မျိုးဝင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း

ဝတ္ထုတို

## ■ ချစ်မင်း(မြစ်သား)




[ ၁ ]

ဘောလုံးက အရှိန်ခပ်ပြင်းပြင်းနှင့် ကျွန်တော့်လက်ကို လာမှန်သည်။

“ဟေ့…ဟေး….လက် ထိဘော၊ လက်ထိဘောရမယ်”

ဒိုင်လူကြီးက အော်လိုက်ခြင်းမဟုတ်ပါ။ တစ်ဖက်အသင်းမှ ဘောလုံးသမားများက ဝမ်းသာအားရ ဖြစ်သည့်အသံဖြင့် အော်လိုက်ခြင်းဖြစ်သည်။ ကျောင်းသားများဖြစ်နေသည့်အလျောက် ကစားကွင်းအတွက်တော့ ပူပန်စရာမလို။ ကျောင်းအတွင်းရှိ ဘောလုံးကွင်းထဲတွင် အားလပ်ချိန်တိုင်း ကစား၍ရသည်။ ယခုလည်း အဋ္ဌမတန်း(A)နှင့် အဋ္ဌမတန်း(B)ရှိ ကျောင်းသားများ ချိန်း၍ ဘောလုံးကန်ကြခြင်းဖြစ်သည်။

“ဒေါင်…ဒေါင်…ဒေါင်”

“ဟာ..သွားပါပြီကွာ၊ အခုမှ သရေရလဒ်ပဲရှိသေးတာ၊ နောက်ရက်တော့ စောစောလာရအောင်ဟေ့၊ ကန်ရတာ ဝတယ်လို့ကိုမရှိဘူး”

ကျောင်းတက် ခေါင်းလောင်းသံမြည်လာသည့်အခါ ဘောလုံးသမားများ၏ အားမလိုအားမရဖြစ်သည့် အသံများ ပြိုင်တူထွက်ပေါ်လာသည်။ ဘာတတ်နိုင်မည်နည်း။ စာသင်ခန်းထဲသို့ ဝင်ရောက်ရတော့မည်။ လွယ်အိတ်၊ ရေဘူး၊ ဖိနပ်များ ကိုယ်စီသိမ်းဆည်းနေကြသည်။ ကျွန်တော်လည်း ဂိုးတိုင်နားမှာ ချွတ်ထားခဲ့သည့် ပုဆိုးကို ပြန်ဝတ်လိုက်သည်။ ဝတ်နေရင်း သတိရသွားသည်။

ထိုအခါမှ “ဟင်.. ပုဆိုးအောက်မှာ ငါထားခဲ့တဲ့ဖိနပ်က ငါ့ဖိနပ်မဟုတ်ပါဘူး၊ ငါ့ဖိနပ်က ကတ္တီပါဖိနပ်အသစ်ပါ၊ ဒါကြီးက သားရေဖိနပ် အဟောင်းကြီး၊ ဘယ်လိုဖြစ်တာပါလိမ့်၊ ဖိနပ်ချင်း လဲသွားပြီလား” ခေါင်းကိုတဗျင်းဗျင်းကုတ်ရင်း စဉ်းစားမရဘဲ ရှိနေသည်။

“ဟေ့ကောင်..အေးဇော်၊ သွားမယ်လေ၊ တော်ကြာ နောက်ကျလို့ ဆရာမ ဆူတာခံနေရအုံးမယ်”

“မဟုတ်ဘူး၊ ဟေ့ကောင်တွေရ၊ ငါ့ဖိနပ်ပျောက်သွားလို့”

ကျွန်တော့်စကားကြောင့် စောင့်နေကြသည့် အပေါင်းအဖော်များသည် ဇဝေဇဝါဖြစ်သွားသည် ထင်၏။ ကျွန်တော့်မျက်နှာကိုတစ်လှည့် ကျွန်တော့်ခြေထောက်မှာ စီးထားသည့် သားရေဖိနပ်အဟောင်းကို တစ်လှည့် ကြည့်နေကြသည်။ ကျွန်တော် သဘောပေါက်လိုက်ပါပြီ။

“ဒီဖိနပ်က ငါ့ဖိနပ်မဟုတ်ဘူးဟ၊ ငါ့ဖိနပ်က ကတ္တီပါဖိနပ်အသစ်”

“ဟင်…၊ ဒါဆို မင့်ဖိနပ်ကို လဲသွားပြီလေ၊ လာလာ၊ မြန်မြန်သွားမယ်၊ တို့အတန်းထဲကကောင်တွေတော့ ဟုတ်မယ်မထင်ဘူး”

ထိုသူငယ်ချင်း၏ စကားကြောင့် ဘေးမှာရပ်နေသည့် နောက်တစ်ယောက်က “ဟာ၊ အဲဒီလိုတော့ ပြောမရဘူးလေ၊ သူခိုး ချိုပါတာမှမဟုတ်တာ၊ တို့အခန်းထဲကကောင်တွေကို အရင်မေးမယ်၊ မဟုတ်တော့မှ ရှစ်တန်းဘီက ကောင်တွေကို မေးမယ်ကွာ၊ တွေ့လို့ကတော့၊ ဟင်း…. ဟင်း….”

ဘောလုံးကွင်းထဲတွင် ကြာကြာရပ်နေ၍လည်းမဖြစ်။ နောက်ကျမည်စိုး၍ ကျွန်တော်တို့တစ်ဖွဲ့လုံး ခပ်သုတ်သုတ်ထွက်ခွာလာခဲ့ကြသည်။

[ ၂ ]

အတန်းပိုင်ဆရာမက သင်္ချာပုစ္ဆာတစ်ပုဒ်ကို ကျောက်သင်ပုန်းပေါ်တွင် ရှင်းလင်းတွက်ပြနေသည်။ ကျွန်တော့်မှာမူ ဆရာမရှင်းပြနေသည့် ပုစ္ဆာကိုစိတ်ဝင်စားမှု မရှိနိုင်။ လဲလှယ်ခံလိုက်ရသည့် ဖိနပ်အပေါ်မှာပဲ စိတ်က တဝဲလည်လည်ဖြစ်နေ၏။ “သူများဖိနပ်အဟောင်းကြီးနဲ့ ပြန်သွားလို့ အိမ်ရောက်ရင် အမေက ဆူတော့မှာပဲ၊ ဒါမှမဟုတ် အရိုက်ခံရမှာလား”

မွန်းကျပ်လာသော စိတ်ကို ဟူးခနဲမှုတ်ထုတ်မိစဉ် “ဟဲ့..အေးဇော်၊ နင့်မျက်လုံးက ဘယ်ကြည့်နေတာလဲ၊ စာက ကျောက်သင်ပုန်းပေါ်မှာလေ”

အတန်းရှေ့မှာ စာသင်နေသည့် ဆရာမက အော်ငေါက်နေပြီ။ ဆရာမပြောလည်း ပြောချင်စရာဖြစ်နေသည်။ ကျွန်တော့်မျက်လုံးက အတန်းအပြင်ဘက်ကို ငေးမောနေမိ၏။ စာမှာစိတ်မဝင်စားသော်ငြား ကျောက်သင်ပုန်းပေါ်က စာကိုပဲ စာအုပ်ထဲမှာ ရေးကူးလိုက်ရ၏။ နားထဲမှာတော့–

“သား၊ လူရယ်လို့ဖြစ်လာရင် ကံငါးပါးကို လုံအောင်ထိန်းရတယ်၊ ကိုယ့်မှာရှိတာလေးနဲ့ ရောင့်ရဲတတ်ရသလို သူများပစ္စည်းကိုလည်း အတင်းအဓမ္မမယူရဘူးကွဲ့၊ နောက်ပြီးကိုယ့်ပစ္စည်းကိုလည်း ထိန်းသိမ်းတတ်မှ စည်းကမ်းရှိတဲ့လူဖြစ်မှာ၊ တန်ဖိုးရှိတဲ့လူဖြစ်အောင် နေရမယ်နော်သား” ဟူသည့် အမေ့ဆုံးမစကားများကို ကြားယောင်နေမိသည်။

သည်လိုဆို ကျွန်တော်သည် စည်းကမ်းမရှိသည့်လူ ဖြစ်နေပြီလား။ ယခုလောလောဆယ် “စည်းကမ်း”ဟူသည့် ဝေါဟာရထက် ကျွန်တော့်ဖိနပ်လေးကိုပဲ နှမြောတသဖြစ်နေမိသည်။ ထိုစိတ်က ဖိစီးလာသည့်အခါ ကူးလက်စ သင်္ချာပုစ္ဆာအပေါ် ဒေါသပုံချမိသည်။ လက်ရေးများက မြန်လာသည်။ ပြီးစလွယ် ရေးမိသည်။ ဒေါသများလည်း အထွတ်အထိပ်ရောက်လာခဲ့သည်။ သို့သော် တခဏတော့ ထိန်းချုပ်ခွင့်ရလိုက်၏။

ပထမအချိန် ပြီးဆုံးသွား၍ “မင်္ဂလာပါ ဆရာမ၊ ကျေးဇူးတင်ပါတယ် ဆရာမ” ဟု တစ်တန်းလုံး ထနှုတ်ဆက်သောအခါ ကျွန်တော့်၏ ပူလောင်သောကစိတ်၊ ဒေါသစိတ်တို့သည် ပျောက်ကွယ်သွားသည်။ သည်လိုနှင့် ဒုတိယစာသင်ချိန်မှာလည်း ကျွန်တော့်စိတ်သည် သင်ခန်းစာတွင် မရှိပြန်ပေ။ နှမြောခြင်း၊ ဒေါသထွက်ခြင်းစိတ်များနှင့်သာ စာသင်ချိန်ကို ဖြတ်သန်းလိုက်ရသည်။

“ဒေါင်..၊ ဒေါင်..၊ ဒေါင်…”

မနက်ခင်းပိုင်း မုန့်စားကျောင်းဆင်းသည့် ခေါင်းလောင်းသံကြားလိုက်ရသည်။ ကျောင်းသူ ကျောင်းသားအားလုံး မတ်တပ်ရပ်၍ ဆရာမကိုကျေးဇူးတင်၊ နှုတ်ဆက်စကားဆိုကြသည်။ ဆရာမလည်း စာအုပ်လေးပိုက်ကာ အတန်းပြင်ပသို့ ထွက်ခွာသွားသည်။

ထို့နောက် “ဒုန်း..ဒုန်း…၊ ဒါ သက်သက် လူပါးဝတာ၊ ရှစ်တန်းအေက ကျောင်းသားတွေကို လာစမ်းတာကွ၊ သည်းခံနေလို့ဖြစ်မလား” စာရေးခုံကို ပုတ်လိုက်သည့် အသံနှင့်အတူ ဒေါသတကြီးအော်လိုက်သည့် အသံကထွက်လာခဲ့သည်။ မည်သူမည်ဝါမှန်း ကျွန်တော်မသိပါ။ သို့သော် ထိုအသံပိုင်ရှင်ဆိုလိုသည့်အဓိပ္ပာယ်ကိုမူ ဘောလုံးကန်ကြသည့် ကျောင်းသားအားလုံး နားလည်သဘောပေါက်လိမ့်မည်ဟု ထင်မိသည်။

တစ်ခန်းလုံးလည်း တိတ်ဆိတ်ငြိမ်သက်သွားကြသည်။ မိန်းကလေးများ၏ မျက်နှာမှာတော့ “ဘာပါလိမ့်၊ ဘာဖြစ်ကြတာပါလိမ့်”ဟူသော နားမလည်သည့် အရိပ်အယောင်များ ထင်ဟပ်နေသည်။ သူတို့၏ မျက်ဝန်းများသည်လည်း အသံလာရာဆီသို့ စုပြုံကြည့်နေကြသည်။

“ဒီလိုဆိုရင် ရှစ်တန်းဘီကို သွားမယ်ကွာ၊ အေးဇော်ဖိနပ် ဘယ်သူလဲသွားသလဲ သွားရှာမယ်၊ မိလို့ကတော့ မလွယ်ဘူးမှတ်၊ ဟင်း..ဟင်း…” ထိုစကား ထွက်ပေါ်လာသည့်အချိန်မှာတော့ ကျွန်တော် ငြိမ်နေ၍မဖြစ်တော့ပေ။ ထိုင်နေရာမှ ထကာ “သူငယ်ချင်းတို့ရာ ပြီးခဲ့တာတွေ ပြီးပါစေတော့၊ ငါ့အတွက်နဲ့ ရန်ဖြစ်တာ၊ စကားများတာတွေတော့ မလုပ်ကြပါနဲ့ကွာ”ဟူ၍ တောင်းပန်စကားပြောလိုက်မိသည်။ သို့သော်အတန်းဖော်သူငယ်ချင်းများသည် တားဆီး၍ မရတော့ပေ။ သွားမယ်၊ ရှာမယ်ဟူ၍ အခန်းအပြင်သို့ ထွက်ရန် စိုင်းပြင်းနေကြတော့၏။ ကျွန်တော်လည်း ထိုကျောင်းသားတစ်စုနောက်မှ လိုက်သွားရတော့သည်။

[ ၃ ]

“ဟူး…၊ ဖိနပ်ကလည်း အလဲခံရသေး၊ ရန်လည်းဖြစ်ခဲ့အုံးမယ်ဆိုရင်တော့ အမေက ငါ့ကိုသေချာပေါက်ဆူပြီး ရိုက်တော့မယ်၊ အမေက သေချာမှာလိုက်ပြီးသား၊ ရန်မဖြစ်နဲ့တဲ့၊ အခုတော့ ငါ့အတွက်နဲ့ အုံလိုက် ကျင်းလိုက်ကြီး ပြဿနာတက်မဲ့ ကိန်း ဆိုက်နေပါရောလား၊ ငါဘာလုပ်ရမလဲ”စသည့် အတွေးပေါင်းများစွာနှင့် ရှစ်တန်းဘီအခန်းသို့ လိုက်ပါသွားသည်။ ရှစ်တန်းဘီအခန်းသည် ပင်မကျောင်းဆောင်အောက်တွင်ရှိသည်။ ရှစ်တန်းအေအခန်းက ကျောင်းဆောင်ကြီး၏ မြောက်ဘက် အစွန်ဆုံးအခန်း၊ ရှစ်တန်းဘီက ကျောင်းဆောင်အောက် တောင်ဘက် အစွန်ဆုံးအခန်း။ ကျွန်တော်တို့ ကျောင်းသားတစ်စု ရောက်ရှိသွားတော့ ထိုအခန်းထဲတွင် ကျောင်းသား ကျောင်းသူများ ဟိုတစ်စု၊ သည်တစ်စုနှင့် အနည်းငယ်ရှိနေကြသည်။ တချို့က မုန့်ဈေးတန်းသွားကြသည်။ တချို့က အိမ်သာသို့သွားကြသည်။ တချို့မှာမူ အခန်းထဲမှာသာ။

ကျွန်တော့်ဖိနပ်ကို နှမြောမိသည့်စိတ်ဖြင့် ကျောင်းသားများ၏ ခြေထောက်များတွင် ကြည့်ရှု၊ ဖွေရှာ နေမိသည်။ ကျောင်းသားကလည်း အနည်းစုပဲရှိနေတော့ သိပ်ကြာကြာမရှာလိုက်ရပေ။ တွေ့ပါပြီ။ သေချာအောင် ထပ်ကြည့်မိသည်။ ဟုတ်သည်။ ကျွန်တော့်ဖိနပ်မှ ကျွန်တော့်ဖိနပ်အစစ်။

“ဟေ့ကောင် ငါ့ဖိနပ်ကို ဘာလို့ယူသွားတာလဲ”ဟု ပြောမည်အပြုမှာ ကျွန်တော့်နှုတ်သည် ဆွံ့အနေသည်။ မည်သည့်စကားမျှ ထွက်ပေါ်မလာ။ ထိုကျောင်းသား၏ သိမ်ငယ်ညှိုးနွမ်းနေသော မျက်နှာကို ကြည့်ပြီး သနားစိတ်ဝင်လာမိ၏။

တခြား ကျောင်းသားများကတော့ “တို့အေတန်းကကျောင်းသားရဲ့ဖိနပ်ကို ဘယ်ကောင်ယူတာလဲကွ၊ ထုတ်ပေးနော်၊ မင်းတို့အတန်းက ယူတာသေချာတယ်” ဟူ၍ ဒေါသအသံများ ရောစွက်ကာ အော်ဟစ်နေကြသည်။ ခုံများကိုလည်း “တဘုန်းဘုန်း”မြည်အောင် ပုတ်လိုက်ကြသေး၏။

“ငါဘာလုပ်ရမလဲ၊ ငါ့ဖိနပ်တော့ ပြန်တွေ့နေပြီ၊ ဖွင့်ပြောလိုက်ရင် ကောင်းမလား၊ ငါဖွင့်ပြောလိုက်ရင်တော့ ဒီကျောင်းသား ရန်လုပ်ခံရတော့မယ်၊ မပြောရင်လည်း ငါ့ဖိနပ်က ပြန်ရမှာမဟုတ်၊ ရန်ဖြစ်ကြရင်လည်း မကောင်း”

စိတ်သည် ဆောက်တည်ရာမရဘဲ ဗျာများနေစဉ် ထိုကျောင်းသားသည် ကျွန်တော့်အား အသနားခံသည့် မျက်လုံးဖြင့် ကြည့်နေ၏။ “ဘာပဲဖြစ်ဖြစ် သူက မဟုတ်တာလုပ်တဲ့လူလေ၊ ငါကမှန်နေတာပဲ၊ ဘာကိုသနားနေရမှာလဲ၊ ပြောမယ်ကွာ”ဆုံးဖြတ်လိုက်သည်။ ထိုကျောင်းသားကို သေချာစူးစိုက်ကြည့်လိုက်ပြန်တော့ သူ့မျက်နှာတစ်ပြင်လုံး ချွေးစေးများ ထွက်နေ၏။

“ငါ့စိတ်ကိုလည်း ငါနားမလည်တော့ဘူး၊ တော်ပြီကွာ၊ ဖိနပ်တစ်ရန်အတွက်နဲ့တော့ လူတစ်ယောက် ဒုက္ခရောက်မှာကို ငါမလိုလားဘူး၊ နောက်မှ ဖြစ်ချင်ရာဖြစ်တော့”ဟု အပြီးသတ်ဆုံးဖြတ်လိုက်ပြီး–

“သူငယ်ချင်းတို့”

“ဟေ၊ အေးဇော်၊ ဘာလဲ၊ မင့်ဖိနပ်တွေ့ပြီလား”

ဝိုင်းဝန်းမေးလာသည့် အချိန်မှာ စိတ်ပျက်သွားသည့် မျက်နှာထားဖြင့် ခေါင်းကို လေးတွဲ့စွာခါရမ်းပြလိုက်သည်။ ထို့နောက် ကျွန်တော်တို့အားလုံး အတန်းသို့ ပြန်လာခဲ့ကြတော့သည်။

[ ၄ ]

နေ့လယ် ထမင်းစားကျောင်းဆင်းချိန်။ ထမင်းစားသောက်ပြီး စိတ်ကလည်း မရွှင်မလန်းဖြစ်နေသဖြင့် ကျောင်းပန်းခြံထဲမှာ တစ်ယောက်တည်း ထိုင်နေမိသည်။ စိန်ပန်းပင်ကြီး၏ အရိပ်အာဝါသသည် ခန္ဓာကိုယ်ကို အေးမြစေသော်ငြား ကျွန်တော့်စိတ်ကိုမူ အေးမြခြင်းငှာ မစွမ်းသာ။ မနက်ခင်းက လူတစ်ယောက်ကို သနားကြင်နာစိတ်ဖြင့် ခွင့်လွှတ်ပေးခဲ့မိသော်လည်း ယခုတော့ ကိုယ်တိုင်သောကများနေရ၏။ ပစ္စည်းတစ်ခုကို နှမြောခြင်းထက် အိမ်ပြန်ရောက်လျှင် အမေ့၏ဆူငေါက်သံများကို ရင်မဆိုင်ချင်။ သို့သော် ကျောင်းဆင်းလျှင် အိမ်ပြန်ရပေဦးမည်။ အတွေးရေစီးကြောမှာ မျောပါ၍ကောင်းနေစဉ် ကျွန်တော့်ပခုံးပေါ်သို့ လက်တစ်ဖက် ရောက်ရှိလာသည်ဟု ခံစားမိလိုက်သည်။

ဟုတ်ပါသည်။ လက်တစ်ဖက်ပါ။ ထိုလက်ပိုင်ရှင်၏အသံလည်း မဆိုင်းမတွ ထွက်ပေါ်လာ၏။ သူ့ထံမှ ပထမဦးစွာ ကြားလိုက်ရသည်က “ကျေးဇူးတင်ပါတယ် သူငယ်ချင်း”ဟူ၏။

“ဘာအတွက် ကျေးဇူးတင်တာလဲ”

ကျွန်တော့်အသံသည် အနည်းငယ်မာကျောသွားလေသည်။

“သူငယ်ချင်းက မနက်တုန်းက ကိုယ့်ဖိနပ်ကိုတွေ့ရက်နဲ့ ဖွင့်မပြောဘဲ ခွင့်လွှတ်ပေးခဲ့လို့ပါ၊ ဖွင့်ပြောခဲ့ရင် ဒုက္ခရောက်တော့မှာ၊ ပြီးတော့ သူငယ်ချင်းရဲ့ အဲဒီကျေးဇူးကြောင့် နောင်တရခဲ့တယ်၊ ဖိနပ်ကိုလည်း ပြန်ပေးမယ်ပေါ့၊ အဲဒီလို ဆုံးဖြတ်ခဲ့ပြီး အခုပြန်လာပေးတာ”

ထိုသို့ရှင်းပြလာတော့ ညှိုးငယ်နေသည့် သူ့မျက်နှာလေးကို ကြည့်ပြီး ကျွန်တော် သနားစိတ်ဖြစ်မိသည်။

“မင်းက ဘာလို့အဲဒီလိုလုပ်ခဲ့တာလဲ”

“ငါ့အိမ်က အဆင်မပြေလို့ပါကွာ၊ ငါလည်း ဖိနပ်အသစ်စီးချင်လို့ပါ”

“ဟူး…၊ ငါက အမေဆူမှာကိုပဲတွေးနေတာပါ၊ ဖိနပ်ကို ပြန်မလိုချင်တော့ပါဘူး၊ မင်းအဆင်မပြေရင်လည်း ယူသွားပါ”

သူ့မျက်နှာလေး ဝင်းပသွားသည်ကို သတိထားမိလိုက်သည်။ ထို့နောက် ကျွန်တော့်အနားမှ ခေါင်းငိုက်စိုက်နှင့် ထွက်ခွာသွားလေသည်။ ထိုကဲ့သို့ဖြစ်သွားခြင်းက ကျွန်တော့်နှုတ်ဖျားမှ ထွက်ပေါ်လာသည့် စကားတစ်ခွန်းကြောင့်ဖြစ်တန်ရာ၏။

ကျွန်တော် ပြောလိုက်သည်က “မင်းအသစ်လို့ထင်ခဲ့တဲ့ဖိနပ်က ငါစီးထားမှတော့ အဟောင်းဖြစ်သွားပြီလေကွာ၊ ဘယ်မှာ အသစ်ဖြစ်တော့မလဲ”

ထိုကျောင်းသားမရှိတော့မှ လှစ်ခနဲပြောခဲ့မိသည့် စကားကို ပြန်လည်တွေးတော သုံးသပ်မိလေ၏။ တချို့က မိမိမှာမရှိ၍ အသစ်၊ အသစ်သောပစ္စည်းကို လိုချင်ကြသည်။

သို့သော် သူတို့ရလိုက်သည့်ပစ္စည်းသည် အမြင်မှာ သစ်လွင်နေသော်ငြား အသုံးပြုပြီးသား ဖြစ်နေတတ်သည်။ ဟုတ်ပါသည်။ တစ်မနက်လုံး ဖိနပ်လဲလှယ်ခံရသည့်အတွက် ပူလောင်သောကများခဲ့ရသည့် စိတ်အဟောင်းကို ပစ္စုပ္ပန်အချိန်အထိ ဖက်တွယ်ထားမိသည်။ ထိုရလဒ်က ကျွန်တော်ပဲလူပင်ပန်း၊ စိတ်ပင်ပန်းဖြစ်ခဲ့ရသည်။ ထိုစိတ်အညစ်အကြေးအစား ခွင့်လွှတ်သည်းခံခြင်းဟူသည့် စိတ်အသစ်နှင့် အစားထိုးလိုက်နိုင်ချိန်မှာတော့ စိတ်သည်ငြိမ်သက်၊ အေးချမ်းသွားတော့၏။

ထို့နောက်“အဲဒီဖိနပ်က မင်းအတွက် အသစ်ဖြစ်တယ်ဆိုရင် ငါဝမ်းသာပါတယ် သူငယ်ချင်းရာ”ဟူ၍ ခပ်တိုးတိုးလေး ရေရွတ်မိတော့သည်။ ။

## နှစ်စဉ်နွဲပျော် မီးထွန်းပွဲတော်

* ဝါကျွတ်ချိန် အခါသမယ
ဆင်နွဲကြ တူပျော်ပျော်
မီးထွန်းပွဲတော်။
မြတ်ဗုဒ္ဓ မှန်းရည်မျှော်
ပူဇော်ကာ ဦးခိုက်ကြ။
ဖြူနီပြာဝါ ရောင်စုံသန်းတယ်
မီးပန်းတွေလှ။

* တာဝတိံသာ နတ်ပြည်မှ
သက်ဆင်းကြွ ပရမေ
ဆီးကြိုကြပေ။
ပန်းဆီမီး နံ့သာရေ
ကပ်လှူခြွေ လူနတ်အများ။
ပြည်နိဗ္ဗူ အမြင့်လှမ်းဖို့
တင့်ဆန်းသည့်အား။

* ပြည်မြန်မာ အနှံ့အပြား
ချစ်ကြည်ပွား တို့ညီနောင်
ရိုးရာပင်းမှုဆောင်။
မီးပုံးပျံများ လွှတ်ရအောင်
ယခုနောင် နှစ်စဉ်တိုင်း။
မြန်မာ့ရိုးရာ ဓလေ့မြတ်မို့
မမေ့အပ်သမိုင်း။ ။

ရဲသွေးနီ (တက်ဝန်)

## အနန္တငါးဖြာ ကိုးကွယ်ရာ

* ငါးဂိုဏ်းဝင် မှတ်ကာထား
ဗုဒ္ဓဘုရား ထိပ်ဆုံးတွင်။
တရားရယ် လမ်းမှန်ပြ
သိကြစေချင်။
တတိယက သံဃာအရှင်
ကျေးဇူးသခင် မြတ်မိဘ။
ကြောင်းကျိုးကို ညွှန်ပြသိတဲ့
အာစရိယ။

* ကိုးကွယ်ရာ အနန္တတွေမို့
ဦးခိုက်ကြ အမြဲသာ။
ပြစ်မှားရင် ငရဲကျလို့
ဒုက္ခရောက်မှာ။
ဘဝလမ်း ဖြောင့်ဖြူးစွာ
ရောင်စဉ်ဖြာ လင်းလက်။
ကုသိုလ်ပန်ဆင် အလှထူးစွာဖြင့်
မေတ္တာကူးယှက်။

* လောကဓံ ခရီးဆက်
အသိဉာဏ်ထက်လို့ ကြိုးစားမယ်။
စိတ်ကောင်းရယ် နှလုံးသွင်းမှ
လင်းလက်တဲ့ကြယ်။
အနန္တငါး ဦးခိုက်ရှယ်
လက်ဆယ်ဖြာ ထိပ်မှာမိုး။
အေးချမ်းစွာ ဂုဏ်ရောင်ကြော့လို့
ကန်တော့ရှိခိုး။ ။

မင်းသူရိန်(သာကီနွယ်)

ဆောင်းပါး

# ပျိုးထောင်မှုလမ်းကြောင်း မတိမ်းစောင်းအောင် သတိဆောင်

■ ကိုငြိမ်းငယ်(ကျွန်းဒေါင့်)

ကျွန်ုပ်တို့လူသားများသည် ချစ်ခင်ယုယမှုကို ခံယူလိုခြင်း၊ အောင်မြင်မှုများ ရရှိလိုခြင်း စသော အခြေခံလိုအင်ဆန္ဒများကို မမွေးဖွားမီ သန္ဓေတည်ဆဲ အခါကပင် ရှိပြီးဖြစ်လေသည်။ အချိန်ကာလ အားလျော်စွာ အကြောင်းအခွင့်မတိုက်ဆိုင်သေး၍သာ ၎င်းဆန္ဒများက သိသာထင်ရှားမပြသေးဘဲ ခဏတာပုန်းကွယ်နေသယောင် ရှိနေခြင်းဖြစ်သည်။ ဥပမာဆိုရသော် အလွန်သေးငယ်သော ညောင်စေ့၊ နှမ်းစေ့တို့တွင် ကြီးထွားရှင်သန်၍ ပွင့်စေ၊ သီးစေနိုင်သော ဗီဇများပါရှိ၍ အကြောင်းအခွင့်တိုက်ဆိုင်သော အခါ ရှင်သန်ကြီးထွားလာကြသည်။ ထို့အတူပင် လူသားများ၏ အခြေခံလိုအင်ဆန္ဒများသည် အကြောင်းအခွင့်တိုက်ဆိုင်၍ အရွယ်ရောက်သော အခါ ရှင်သန်လာကြသည်။

လူသားများ၏ အောင်မြင်ကျော်ကြားလိုမှုနှင့် ပတ်သက်၍ ၎င်းဆန္ဒသည် အဖွဲ့အစည်းများနှင့်တွေ့သောအခါ နိုးကြားရှင်သန်လာသည်။ စာသင်ကျောင်းသို့ မတတ်ရောက်နိုင်သေးသော ကလေးငယ်များသည် မိဘ၏အရိပ်အောက်တွင်နေရပြီး အဖွဲ့အစည်းနှင့် ကောင်းမွန်စွာမထိတွေ့ဖူးသေးပေ။ မိဘအိမ်၏ အနီးဆုံးတွင်ရှိသော ပတ်ဝန်းကျင်လောက်သာ ရှိပေသည်။ စာသင်ကျောင်းသို့ ရောက်လာသောအခါ အပေါင်းအဖော် အမျိုးမျိုး၊ အဖွဲ့အစည်း အမျိုးမျိုး၊ ပတ်ဝန်းကျင် အမျိုးမျိုးနှင့် ထိတွေ့လာရသည်။ ထိုအခါ အောင်မြင်ကျော်ကြားလိုမှု ဆန္ဒသည်လည်း ရှင်သန်ကြီးထွားလာပါသည်။

စာသင်ခန်းအတွင်း၌ ဆရာများနှင့် အပေါင်းအဖော် သူငယ်ချင်းများက အသိအမှတ်ပြုခြင်း မခံရသော ကလေးငယ်များသည် သူတို့အပေါ်အသိအမှတ် ပြုလာအောင်ဖြစ်စေ၊ ကျော်ကြားလာအောင်ဖြစ်စေ ကြိုးစားအားထုတ်လာကြသည်။ ထို့ကြောင့် စာကြိုးစားလာသော ကလေးများရှိသလို သူတို့၏ အားသာချက်များအလျောက် သူတို့၏ ကစားစရာ ပစ္စည်းများကို သူငယ်ချင်းများ မြင်သာလာအောင် ယူဆောင်လာခြင်း၊ မိဘများထံမှ မုန့်ဖိုးပိုက်ဆံများ ပို၍တောင်းယူလာတတ်ခြင်း စသည့်အကြောင်းအချက်များသည် ကလေးများအကြားတွင် တွေ့မြင်နေကြ ဖြစ်စဉ်တစ်ခုဖြစ်သည်။ ထိုလုပ်ရပ်များသည် ကျော်ကြားလိုမှုတို့၏ ကြိုးစားမှု ပြယုဂ်များပင် ဖြစ်သည်။ သို့ရာတွင် ကျော်ကြားလိုမှု၊ အောင်မြင်လိုမှုနှင့် ပတ်သက်၍ ကြိုးစားအားထုတ်ကြရာတွင် အချို့ကလေးများသည် မေးခွန်းများကို တရစပ် မေးမြန်းခြင်း၊ အခြားသော ကလေးများအပေါ် ဗိုလ်ကျအနိုင်ယူတတ်ခြင်းဖြင့် အောင်မြင်ကျော်ကြားမှုရရှိစေရန် ကြိုးစားအားထုတ်သည်များလည်း ရှိလေသည်။ စာပေပညာနှင့်ပတ်သက်၍ ထူးချွန်ကျော်ကြားမှု မရရှိခြင်းကြောင့် အခြားသော ကလေးများအပေါ် ဗိုလ်ကျအနိုင်ယူခြင်းဖြင့် သူတို့အတွက် ကျော်ကြားအောင်မြင်မှုကို အစားထိုးရယူခြင်းပင် ဖြစ်သည်။

ထိုအခါ လူကြီးမိဘများ၊ ဆရာ ဆရာမများ၏အမြင်တွင် ဤကလေးသည် သူများအပေါ်တွင် ဗိုလ်ကျအနိုင်ယူခြင်းကြောင့် သူ၏အကျင့်စရိုက်များကို ပြုပြင်ပေးရမည့်ကလေး၊ အနည်းနှင့်အများဆိုသလို ဆိုးသောကလေးဟု သတ်မှတ်ကြသည်က များလေသည်။ ကလေးများကို ဆုံးမပေးရာတွင် အများစုသည် ချော့၍ ဆုံးမခြင်း၊ ခြောက်၍ ဆုံးမခြင်း၊ ကလေး၏ အလိုရှိသည့်အရာကို ရစေ၍ ဆုံးမပေးကြသည်က များလေသည်။ ကျောင်းနေခါစ အရွယ် ကလေးများသည် ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနိုင်မှု နည်းနေသေးသောကြောင့် ဆရာ ဆရာမများ၏ ဆုံးမပဲ့ပြင်ပေးမှု အခန်းကဏ္ဍသည် များစွာ အရေးကြီးပေသည်။

အချို့သောပုဂ္ဂိုလ်တို့မှာ ကလေးများကို လမ်းညွှန်ဆုံးမကြရာတွင် ကြိုးကြိုးစားစားနှင့် အတတ်နိုင်ဆုံး သွန်သင်ပေးကြရှာပါသည်။ သို့ရာတွင် အချိန်ကာလကြာအောင် သွန်သင်ပေးငြားသော်လည်း ကလေးက မလိုက်နာနိုင်လျှင် “ဘယ်လိုဆိုးသည်၊ ဘယ်လောက်ဆိုးသည်”ဟူ၍သာ အချင်းချင်း ပြောဆိုကြသည်က များလေသည်။ ကလေးကို ချော့၍တစ်မျိုး၊ ခြောက်၍တစ်ဖုံဖြင့် ဆုံးမသွန်သင်ပေးကြသည်က များလေသည်။ ထိုအခါ ကလေးသည် ထိုလူရှေ့တွင်သာ လိုက်နာနေနိုင်သော်လည်း သူ့စိတ်ထဲတွင် ဘဝင်မကျနိုင်ပေ။ ထို့ကြောင့် မကြာခဏ ဆိုသလို သူ့အပြုအမူကြောင့် ဆိုးသည်ဟု ပြောဆိုခံရပြန်သည်။ ကလေးအပေါ်တွင် ဘယ်လိုဆိုးသည်၊ ဘယ်လောက်ဆိုးသည်ကို မြင်နေခြင်းထက် ဘာကြောင့်ဆိုးရသည်ဟူသောအချက်ကို ရအောင်ရှာ၍ ဆုံးမသွန်သင် ပဲ့ပြင်ပေးခြင်းက ပို၍ကောင်းလေသည်။ ထို့ကြောင့် “ဘယ်လိုနှင့် ဘာကြောင့်” ဟူသောစကားနှစ်ခုတွင် မည်သည်က အရေးပါ ထိရောက်သည်ကို ကမ္ဘာကျော်ပုဂ္ဂိုလ်တစ်ဦး၏ ကမ္ဘာကျော်ဖြစ်ရပ်ကို အကျဉ်းချုံး၍ တင်ပြလိုပါသည်။

ထိုသူကား ကမ္ဘာကျော်သိပ္ပံပညာရှင်ကြီးသောမတ်အယ်လ်ဗာ အယ်ဒီဆင်ပင် ဖြစ်သည်။ သူသည် ငယ်စဉ်အခါက စာသင်ကျောင်းကို နှစ်လခန့်သာ နေခဲ့ဖူးလေသည်။ အကြောင်းမှာ သူနားမလည်သောအရာ၊ သူ့စိတ်တွင် ဘဝင်မကျ မရှင်းလင်းသည်များကို တရစပ်မေးမြန်းနေခြင်းကြောင့် ညံ့ဖျင်းသောကလေး၊ အလိုက်မသိ၍ ဆိုးသောကလေး၊ စာသင်၍ ရမည့်ကလေး မဟုတ်ဟု အပြောခံရပြီး ကျောင်းထွက်ခဲ့ရလေသည်။ သူ၏ ဆရာ ဆရာမများသည် သူ့အားဘယ်လို ညံ့တာပဲ၊ ဘယ်လို ဆိုးတာပဲ၊ ဘယ်လို မေးနေတာပဲဟူ၍သာ ပြောဆိုကြသော်လည်း ဘာကြောင့်မေးနေသည်ကိုတော့ စိတ်မဝင်စားခဲ့ကြပေ။ သူ၏မိခင်ဖြစ်သူမှာ အယ်ဒီဆင်လေးက ဘာကြောင့်မေးခွန်းများ မေးနေသည်ကို သိမြင်သည်။ အရာဝတ္ထုပစ္စည်းများ၏ အကြောင်းအကျိုးဆက်နွယ်မှုများကို သိရှိလိုခြင်းကြောင့် မေးမြန်းခြင်းဖြစ်သည်။ ထို့ကြောင့် သူ့အနေဖြင့် တတ်သိသလောက် ရှင်းပြသင်ကြား၍ စာသင်ပေးခဲ့သည်။ အယ်ဒီဆင်လေးသည် သူ၏မိခင်ထံမှ သင်ယူလေ့လာရင်းဖြင့် သူကိုယ်တိုင် ရေးတတ်၊ ဖတ်တတ်၊ လေ့လာတတ်လာသောအခါ မိခင်က သင်ကြားပေးသည်ကို မရောင့်ရဲနိုင်တော့ပေ။ အသိပညာ၊ အတတ်ပညာများကို ကြိုးစား၍လေ့လာသည်။ သူ့တွင်ရှိသမျှ ပစ္စည်းများနှင့် စူးစမ်းလေ့လာမှု၊ စမ်းသပ်မှုတို့ကို ထပ်ခါထပ်ခါပြုလုပ်သည်။ စွဲမြဲထက်သန်သောစိတ်ဖြင့် ကြိုးစားသောကြောင့် နောက်ဆုံးတွင် သာမန်လူသားဘဝမှ ကြီးကျယ်ခမ်းနားသော အောင်မြင်ကျော်ကြားသည့် တီထွင်မှုပါရဂူကြီးဘဝသို့အရောက် လှမ်းနိုင်ခဲ့လေသည်။ ယခုအခါတွင် ညအချိန်ကို နေ့ခင်းအချိန်ပမာ အလင်းရောင်ပေးစွမ်းနေသည့် လျှပ်စစ်မီးသီးများ ရှိနေပြီဖြစ်သည်။ အယ်ဒီဆင်၏ လျှပ်စစ်မီးသီး တီထွင်နိုင်ခဲ့သော ကျေးဇူးကြောင့်ပင် ဖြစ်သည်။ သူ၏ လျှပ်စစ်မီးအစွမ်းဖြင့် ကမ္ဘာကြီး၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးစသော ကဏ္ဍအသီးသီးကို တိုးတက်နေစေသည်မှာ ယနေ့ခေတ် မျက်မြင်ပင်ဖြစ်သည်။ ထို့ပြင် အယ်ဒီဆင်သည် တီထွင်မှုပေါင်း ၂၅၀၀ ကျော်ကို မူပိုင်ပြုလုပ်ထားနိုင်ခဲ့သည်။ ထိုအရာများကိုကြည့်လျှင် သူသည် တစ်ပွဲတိုးကောက်ရိုးမီးလို စိတ်ဓာတ်မျိုးဖြင့် ကြိုးစားခဲ့ခြင်းမဟုတ်ဘဲ ပြင်းပြထက်သန်သော ကြိုးစားမှုမျိုးဖြင့် အောင်ပွဲအခါခါနွှဲခဲ့သော လူသားတစ်ဦးဖြစ်ကြောင်းကို သူ၏အောင်မြင်မှု အသီးအပွင့်များက သက်သေထူလျက်ရှိပေသည်။

ထို့ကြောင့် ကျွန်ုပ်တို့နိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးရေးအတွက် ပခုံးပြောင်းတာဝန်ယူကြမည့် မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင်ပေးကြသည့် ဆရာ ဆရာမများသည် ပို၍ပင် သတိထားကြရပါမည်။ ကလေးတစ်ယောက်သည် သာမန်ကလေးများနှင့်မတူဘဲ ဆိုးနေ၍ဖြစ်စေ၊ ထူးခြားနေ၍ဖြစ်စေ ဘယ်လိုဆိုးသည်၊ ဘယ်လောက်ဆိုးသည်ကို စကားဖောင်ဖွဲ့မနေသင့်ပေ။ ထိုကလေးများ၏ အားသာချက်၊ အားနည်းချက်များကို စုပေါင်းလေ့လာအဖြေရှာ၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးကြမည်ဆိုလျှင် ရလဒ်ကောင်းများ ရရှိလာကြမည်မှာ မြေကြီးလက်ခတ် မလွဲပါပေ။ ထို့ကြောင့် ကလေးများနှင့် အောင်မြင်မှုလမ်းကြောင်းအတွက် လမ်းပြပေးရာတွင် ဆင်ခြင်သတိပြုစရာများကို ဤဆောင်းပါးလေးဖြင့် မျှဝေရေးသားခဲ့ခြင်းဖြစ်သည်။ မျိုးဆက်သစ်လူငယ်များကိုလည်း အပြုသဘောဆောင်သည့် အောင်မြင်မှုများရရှိအောင် ပြုစုပျိုးထောင်ပေးကြရမည်မှာ ကျွန်ုပ်တို့၏ တာဝန်သာဖြစ်ပါတော့သည်။ ။

## ပရစိတ်မွေး ဂုဏ်သတင်းမွှေး

* လူတို့ကမ္ဘာ လှဖို့ရာ
အတ္တရှောင်ဖယ်ခွာ၊
စာနာစိတ်နှင့် နေထိုင်ကြ
မေတ္တာပေးဝေမျှ။

* ပရစိတ်ကို မွေးမြူလျှင်
အေးချမ်းလို့ပျော်ရွှင်၊
ချစ်ခင်စွာဖြင့် လက်တွဲထား
ကူညီဖေးမသွား။

* မုဒိတာပွား လူတိုင်းကို
အပြုံးနှင့်ဆီးကြို၊
လိုအပ်သူဆို တွဲထူမ
မွန်မြတ်စိတ်ထားလှ။

* စာနာတွေးကြ လူတိုင်းအပေါ်
အပြစ်ကိုမဖော်၊
လက်တွဲခေါ်ပြီး စောင့်ရှောက်စို့
သောကကင်းစေဖို့။

* လူသားတို့၏ ကောင်းကျိုးရည်
ဆောင်ရွက်ကြရမည်၊
ဤလူ့ဘောင်ကို မြှင့်တင်ပေး
ပရစိတ်ကိုမွေး။ ။

ခင်နွဲ့မူ (ပုလဲ)

❂ ဂျုံးဇီကြိုးပြင်မှ

သစ်၊ ထင်း၊ ဝါး စသည့် သစ်တောထွက်ပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်ရန်နှင့် ရာသီဥတုသာယာမျှတစေပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူပြုစေရန်ရည်ရွယ်၍ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများကို ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ဂျုံးဇီကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းအားဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ထောက်ကြံ့၊ ယမနေ၊ ကညင်ဖြူ စသည့် အဖိုးတန်သစ်မျိုးများနှင့် သတီ၊ ကြေးလံ၊ စံကားဝါ၊ စံကားစိမ်း၊ လောက်ယား၊ သစ်အယ်စသည့် သစ်မျိုးများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ မျိုးသုဉ်းပျောက်ကွယ်နိုင်သည့် အပင်မျိုးစိတ်များနှင့် တောရိုင်းတိရစ္ဆာန်များအား ကာကွယ်နိုင်ခြင်း၊ နေထိုင်ကျက်စားလျက်ရှိသော တောင်ဆိတ်၊ ဝက်ဝံ၊ ဖြူမျောက်လွှဲကျော်(မျက်ခုံးဖြူ)၊ ချေ၊ ဆတ်၊ ပြောင်၊ သင်းခွေချပ်၊ တောဝက်၊ ရှူးပျံစသည့် တောရိုင်းတိရစ္ဆာန်များ၏ နေရင်းဒေသများ တိုးပွားလာနိုင်ခြင်း၊ နန်တဟူချောင်းအတွင်း စီးဝင်သည့် ချောင်းလက်တက်များ၏ ရေဝေရေလဲဧရိယာများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်းနှင့် သစ်တောသယံဇာတများကို စနစ်တကျ စီမံအုပ်ချုပ်နိုင်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# Junior Golf Myanmar (JGM) ၁၀ နှစ်ပြည့်အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ



**ရန်ကုန် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်နှင့် Junior Golf Myanmar (JGM) တို့ ပူးပေါင်းကျင်းပသော Junior Golf Myanmar (JGM) ၏ ၁၀ နှစ်ပြည့် အထိမ်းအမှတ် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့နှင့် ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)၌ ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်နှင့် Junior Golf Myanmar (JGM) တာဝန်ရှိသူများ၊ ရန်ကုန်ဂေါက်ကွင်းမှ အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများတက်ရောက်သည်။

**ဖွင့်လှစ်ပေး**

ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင်အားကစားသမားများ နှင့် ဧည့်သည်တော်များ သတ်မှတ်တီခုံပေါ်တွင် နေရာယူကြပြီး Professional ကစားသမားများဖြစ်ကြသော ယဉ်မေမျိုး၊ မင်းနိုင်စိုး၊ သီဟဋ္ဌေးနှင့် ဟိန်းစည်သူ၊ Junior Golf Myanmar (JGM) ဒုတိယဥက္ကဋ္ဌ ဦးကျော်ကိုကိုချစ်၊ ဥက္ကဋ္ဌ ဦးမြင့်အောင်၊ မြန်မာနိုင်ငံဂေါက်သီး အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးအောင်မျိုးမင်းဒင်နှင့် ဥက္ကဋ္ဌ ဦးကိုကိုအေးတို့က အလှည့်ကျ ဂေါက်သီးရိုက် ဖွင့်လှစ်ပေးကာ ပြိုင်ပွဲစတင်ကျင်းပသည်။ ပထမနေ့အပြီးတွင် အသက် ၁၈ နှစ်အောက် အမျိုးသားပြိုင်ပွဲတွင် ဟိန်းနိုင်ဇင်က စုစုပေါင်းရိုက်ချက် ၇၁ ချက်၊ အသက် ၁၄ နှစ်အောက် အမျိုးသားပြိုင်ပွဲတွင် ကောင်းမြတ်ဟိန်းက စုစုပေါင်းရိုက်ချက် ၈၆ ချက်၊ အသက် ၁၂ နှစ်အောက် အမျိုးသားပြိုင်ပွဲတွင် အောင်သန်းထွန်းက စုစုပေါင်းရိုက်ချက် ၈၄ ချက်၊ အသက် ၁၈ နှစ်အောက် အမျိုးသမီးပြိုင်ပွဲတွင် ချိုသာအောင်က စုစုပေါင်းရိုက်ချက် ၈၁ ချက်ဖြင့် ထိပ်ဆုံးနေရာများတွင် အသီးသီး ဦးဆောင်လျက်ရှိသည်။

ယင်းပြိုင်ပွဲတွင် အသက် ၁၂ နှစ်အောက် အမျိုးသားပြိုင်ပွဲတွင် ၁၃ ဦး၊ အသက် ၁၄ နှစ်အောက် အမျိုးသားပြိုင်ပွဲတွင် ကိုးဦး၊ အသက် ၁၈ နှစ်အောက် အမျိုးသားပြိုင်ပွဲတွင် ၁၁ ဦးနှင့် အသက် ၁၈ နှစ်အောက် အမျိုးသမီးပြိုင်ပွဲတွင် ၁၁ ဦး စုစုပေါင်း အားကစားသမား ၄၄ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ ပြိုင်ပွဲကို အောက်တိုဘာ ၂၁ ရက်မှ ၂၂ ရက်အထိ နှစ်ရက်တာ ကျင်းပမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - MGF**

❖ ကျောဖုံးမှ

ရှမ်းယူနိုက်တက်အသင်းသည် နန္ဒကျော်၊ မျိုးမင်းလတ်၊ ရဲရင့်အောင်၊ ရဲမင်းသူအပါအဝင် နိုင်ငံခြားသားကစားသမားသုံးဦးတို့ ပါဝင်ကစားခဲ့ပြီး GFA အသင်းကလည်း ဇော်လင်း၊ သန်းတိုးအောင်၊ ဘိုဘိုနိုင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ပထမပိုင်းတွင် လေးဂိုး၊ ဒုတိယပိုင်းတွင် နှစ်ဂိုးသွင်းယူကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၂၈ မိနစ်တွင် မိုတိုဟီရို၊ ၃၀၊ ၄၅ မိနစ်တွင် ဈာနေရသူ၊ ၄၃၊ ၄၇၊ ၄၈ မိနစ်တွင် ဘယ်လိုတို့က သွင်းယူခဲ့ပြီး GFA အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၆၁ မိနစ်တွင် မျိုးမင်းအောင်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆုကို ဟက်ထရစ်သွင်းယူခဲ့သည့် ရှမ်းယူနိုက်တက်တိုက်စစ်မှူး ဘယ်လိုတို့က ရရှိခဲ့သည်။ ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၄၄ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး GFA အသင်းက ရှစ်မှတ်ဖြင့် ဇယားအောက်ဆုံးတွင် ဆက်လက်ရပ်တည်နေသည်။

ပွဲစဉ် (၁၇) တတိယနေ့အဖြစ် အောက်တိုဘာ ၂၂ ရက် (ယနေ့)တွင် သုဝဏ္ဏကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် အား/ကာ သိပ္ပံအသင်း၊ YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် ဒဂုံစတားအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - MNL**

# မိုးညှင်းမြို့၌ ဒုတိယအကြိမ် မွမ်းမံစက်ချုပ်နည်းပညာသင်တန်းဆင်းပွဲကျင်းပ

**မိုးညှင်း အောက်တိုဘာ ၂၁**

ကချင်ပြည်နယ် မိုးညှင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်သည့် ဒုတိယအကြိမ် မွမ်းမံစက်ချုပ်နည်းပညာသင်တန်းဆင်းပွဲနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက အင်ကြင်းကုန်းကျေးရွာဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီလှက အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက တက်ရောက်လာကြသည့် သင်တန်းသူများအား အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်/မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက ထူးချွန်သင်တန်းသူ ငါးဦးအား အပ်ချုပ်စက်၊ ဘီတင်စက်နှင့် ကင်းချည်စက်များနှင့် သင်တန်းသူများအား ကုန်ချောပစ္စည်းများ၊ သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။



ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ယခုဘဏ္ဍာနှစ်တွင် အင်ကြင်းကုန်းကျေးရွာ၌ ဒုတိယအကြိမ် မွမ်းမံစက်ချုပ်နည်းပညာသင်တန်းကို သင်တန်းသူ ၁၅ ဦး တက်ရောက်ကြပြီး အောက်တိုဘာ ၆ ရက်မှ ၂၀ ရက်အထိ ဘာသာရပ် ၁၃ မျိုးဖြင့် ၁၅ ရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ရွှေမိုးညှင်း**

# ထန်းတပင်မြို့နယ်၌ အယ်လ်နီညိုရာသီဥတုကြောင့် ငါးမွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများ အသိပညာပေးဟောပြော

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် ငါးမွေးမြူရေးကဏ္ဍအပေါ်သက်ရောက်နိုင်မှုများအား ကြိုတင်ကာကွယ်နိုင်ရန်နှင့် ဖြစ်ပွားလာပါကလည်း ဆောင်ရွက်ရမည့် အစီအစဉ်များနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခြင်းကို ယနေ့တွင် တလိုင်မီကျေးရွာ၊ ဘောလည်ကျေးရွာနှင့် ကမြိုင်ကျေးရွာများသို့ ကွင်းဆင်းကာ အသိပညာပေး ဟောပြောသည်။

အသိပညာပေး ဟောပြောရာတွင် ထန်းတပင်မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြတ်ကျော်နှင့် ဝန်ထမ်းများက တလိုင်မီကျေးရွာ၊ ဘောလည်ကျေးရွာနှင့် ကမြိုင်ကျေးရွာတို့ရှိ ငါးမွေးမြူသူတောင်သူများနှင့် တွေ့ဆုံ၍ အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်မှုကြောင့် ငါးမွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှု အခြေအနေများ၊ ကြိုတင်ကာကွယ် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ အယ်လ်နီညိုရာသီဥတု ကျရောက်မှုဖြစ်ပေါ်ချိန်တွင် ဆောင်ရွက်ရမည့် နည်းလမ်းများနှင့် ကျရောက်ဖြစ်ပွားပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ရမည့် အစီအစဉ်များကို အသိပညာပေးရှင်းလင်းဟောပြောပြီး ရေကြီးရေလျှံမှု ဖြစ်ပေါ်လာပါက ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေး နှိုးဆော်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**ဇင်မင်းထိုက်(ထန်းတပင်)**

# ဘိုကလေးမြို့နယ်၌ အယ်လ်နီညိုရာသီဥတုကြောင့် မွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများ အသိပညာပေး

**ဘိုကလေး အောက်တိုဘာ ၂၁**

ဧရာဝတီ တိုင်းဒေသကြီး ဘိုကလေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၌ ယနေ့နံနက် ၉ နာရီတွင် မြို့နယ်အတွင်းရှိ ငါးမွေးတောင်သူများနှင့် ရေလုပ်သားများအား အယ်လ်နီညိုရာသီဥတုကြောင့် မွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများအား ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

အသိပညာပေး ဟောပြောရာတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးက အယ်လ်နီညိုရာသီဥတု ဖြစ်ပွားရသည့် အကြောင်းရင်းများ၊ အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်မှုကြောင့် ငါးမွေးမြူရေး ကဏ္ဍအပေါ် သက်ရောက်နိုင်မှုများအား ကြိုတင်ကာကွယ်နိုင်မည့် နည်းလမ်းများ၊ ဖြစ်ပွားချိန်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ဖြစ်ပွားပြီးနောက် လုပ်ဆောင်ရမည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များ၊ ငါးမွေးမြူရေးကန်များ အနေဖြင့် ရေကြီးနစ်မြုပ်မှုနှင့် အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်နိုင်ရေး ဆောင်ရွက်ရမည့်နည်းလမ်းများကို အသိပညာပေးဟောပြောပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများက ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ငါးမွေးတောင်သူများနှင့် ရေလုပ်သားများအား အယ်လ်နီညိုရာသီဥတုကြောင့် မွေးမြူရေး ကဏ္ဍအပေါ် သက်ရောက်နိုင်မှုများအား ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



**သပြေထွန်း**

# အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၃ခုနှစ် စက်မှုထုတ်ကုန်နှင့် ရေထွက်ကုန်ပစ္စည်း သီတင်းကျွတ် ဈေးရောင်းပွဲတော်ကို အရောင်းဆိုင်ခန်းများဖြင့် အောက်တိုဘာလ (၂၇) ရက်မှ အောက်တိုဘာလ(၃၀)ရက်တိုင် နံနက်(၈)နာရီမှ ည(၁၀)နာရီအထိ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်သူ့ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ကြောင်းသိရသည်။ သီတင်းကျွတ်ဈေးရောင်းပွဲတော်ကြီးတွင် ဆိုင်ခန်းပေါင်း(၅၀၀)ခန့်ဖြင့် ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ စက်မှုဇုန် (၂၉ )ဇုန်မှ ထုတ်လုပ်သည့်ပစ္စည်းများ၊ MSME လုပ်ငန်းများ၊ အသေးစားစက်မှုလုပ်ငန်းများ၊ သမဝါယမဝန်ကြီးဌာနမှ ထုတ်ကုန်များနှင့် စက်မှုထုတ်ကုန်နှင့် ရေထွက်ကုန်ပစ္စည်းများ၊ တိုင်းနှင့်ပြည်နယ်များမှ ထွက်ကုန်ပစ္စည်းများကို ပြသရောင်းချသွားမည်ဖြစ်သည်။ ပွဲတော်ရက်အတွင်း နေ့စဉ် E-sport ဂိမ်းပြိုင်ပွဲများ၊ စတုဒိသာကျွေးမွေးမှုများ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်မှ ကျော်ကြားသည့် အနုပညာရှင်များ၏ ဖျော်ဖြေမှုများ၊ ဆက်ကပ်၊ မျက်လှည့်၊ DJ၊ Dancer များ၏ ဖျော်ဖြေမှုများကိုအားပါးတရ ကြည့်ရှုခံစားနိုင်ကြမည်ဖြစ်သည်။ ပွဲတော်တွင် ဆန်၊ ဆီ၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်အခြေခံစားကုန်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်ကာ ပွဲတော်လာ ပြည်သူများအတွက် သွားလာရေးလွယ်ကူစေရန်အတွက် အကြို/အပို့ ကားများကိုလည်း စီစဉ်ထားရှိမည်ဖြစ်သည်။ သီတင်းကျွတ်လပြည့်နေ့နှင့် အဖိတ်နေ့များတွင်လည်း မီးရှူး၊ မီးပန်းများ ပစ်ဖောက်မည်ဖြစ်ပါသဖြင့် မိဘပြည်သူများ အနေဖြင့် မည်သူမဆို ပျော်ရွှင်စွာဖြင့် လာရောက်ဆင်နွှဲနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပွဲဖြစ်မြောက်ရေးဦးစီးကော်မတီ

### အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၅၂/၂၀၂၃)ဖြင့် စာချုပ်ပါပဋိညာဉ်အတိုင်း မြေနှင့်အိမ်တရားဝင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် တရားပြိုင်လိပ်စာအား (၁၈-၁၀-၂၀၂၃) ရက်နေ့တွင် ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ(၂၄)၌ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ(၃)ရပ်ကွက်၊ ခိုင်ဇင်လမ်းနှင့် စံပယ်လမ်းထောင့်၊ အမှတ်(၄၃၇)ဟု ဖော်ပြပါရှိခဲ့ပါသည်။ ယခုအခါ မင်္ဂလာဒုံမြို့နယ်တရားရုံးတွင် တရားမကြီးမှုအမှတ်(၅၂/၂၀၂၃)အား (၂၀-၁၀-၂၀၂၃)ရက်နေ့တွင် အမှုပိတ်သိမ်းပြီးဖြစ်ပါသဖြင့် ဖော်ပြပါ တရားပြိုင်လိပ်စာသည် မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးမျိုးသန့်(ခ) ဦးမောင်ကြီး** | **ဒေါ်တင်မိုးခိုင်** |
| **L.L.B (စဉ်-၁၀၅၇၇)** | **L.L.B (စဉ်-၄၂၁၆၉)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၁၂၁၂/ခ)၊ တိုးချဲ့(၂)လမ်း၊ မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ဖုန်း - ၀၉-၇၉၇၁၆၃၈၆၅၊ ၀၉-၇၉၅၃၈၆၄၄၇**

ပြင်ဆင်ဖတ်ရှုပါရန်
၁-၉-၂၀၂၃ရက်နေ့ကြေးမုံ သတင်းစာ၏စာမျက်နှာကြော်ငြာ(၂၅)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၁)(၂)(၃)(၄)(၅) SPဦးသန်းလွင်၏အရောင်းမြေပုံကူးတွင်မှတ်ပုံတင်အမှတ်(၁၂/ဒဂတ(နိုင်)၁၂၂၁၉၃)ဟုအမှန်ဖတ်ရှုပါရန်။

စာအုပ်စာပေ
လှူမိတ်ဆွေ

အမြန်ငှားမည်
ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ သုခ(၅၉) လမ်း (မယ်ဇီကုန်းလမ်းမဂုတ်ခြံ)ရှိ မြေအကျယ် (70' x 120' ) တွင်( 40' x 60')အကျယ်နှင့်(30' x 40' )အကျယ်ရှိ Hall Type ဂိုဒေါင်(၂) လုံးပါခြံ ငှားရန်ရှိသည်။ပစ္စည်းတင်ချကားကြီးများဝင်/ထွက်နိုင်သည်။စီးပွားရေးလုပ်ငန်းများအတွက်ဂိုဒေါင်(သို့)အဆောင်အသုံးပြုရန်အလွန်ကောင်း။ခြံထဲတွင်ကား(၈)စီးစာနေရာရှိသည်။
ဆက်သွယ်ရန် - ၀၉ ၄၂၀၀၄၇၇၈၁ ၊
၀၉ ၇၉၆၃၁၉၁၂၉

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ရှမ်းပြည်နယ်(အရှေ့/တောင်)၊ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် တောင်ကြီးသစ်ထုတ်ရေးဒေသမှ သစ်မာတန် (၆၀၀၀) အား ရပ်စောက်မြို့နယ်၊ နောင်ဝိုးကြိုးဝိုင်းမှ ရပ်စောက်မြို့ရှိ မွေတော်သစ်ဆိပ်သို့လည်းကောင်း၊ သစ်မာတန် (၅၀၀၀)အား ပင်လောင်းမြို့နယ်၊ ပေါင်းလောင်းကြိုးဝိုင်း သစ်ကွက်အမှတ် (၁၄၆၊ ၁၄၇၊ ၁၅၀)မှ တပ်ကုန်းမြို့နယ်ရှိ ကင်းသာသစ်ဆိပ်သို့ လည်းကောင်း (၁) တန်အရောက်ဈေးနှုန်းဖြင့် ဝန်ဆောင်မှုရယူခြင်း၊ လွိုင်လင်သစ်ထုတ်ရေးဒေသမှ သစ်မာတန် (၉၀၀၀)အား မိုင်းကိုင်မြို့နယ် မိုင်းယွန်း/မိုင်းလန်းကြိုးဝိုင်းမှ ရပ်စောက်မြို့ရှိ မွေတော်သစ်ဆိပ်သို့ (၁) တန်အရောက် ဈေးနှုန်းဖြင့် ဝန်ဆောင်မှုများ ရယူလိုပါ၍ အိတ်ဖွင့်တင်ဒါခေါ်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ တင်ဒါပုံစံရောင်းချမည့်ရက် | - | ၂၃-၁၀ - ၂၀၂၃ ရက်မှ ၆-၁၁-၂၀၂၃ ရက်ထိ(ရုံးချိန်အတွင်း) |
| ၃။ တင်ဒါပိတ်မည့်ရက် | - | ၇-၁၁-၂၀၂၃ ရက်၊ ညနေ ၄း ၃၀ နာရီ |
| ၄။ တင်ဒါဖွင့်မည့်ရက် | - | ထပ်မံအကြောင်းကြားပါမည်။ |
| ၅။ တင်ဒါပုံစံရောင်းချမည့်နေရာ | - | မြန်မာ့သစ်လုပ်ငန်း၊ ဒုတိယအထွေထွေမန်နေဂျာရုံး၊ တောင်ကြီးမြို့ |

၆။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက တောင်ကြီးမြို့ရှိ မြန်မာ့သစ်လုပ်ငန်း၊ ရှမ်းပြည်နယ်(အရှေ့/တောင်)၊ ဒုတိယအထွေထွေမန်နေဂျာရုံး၊ ရုံးချိန်အတွင်း လာရောက်မေးမြန်းနိုင်ပါသည်။
(ဖုန်းနံပါတ် - ၀၈၁-၂၁၂၁၅၆၀ )

**တင်ဒါခေါ်ယူရေးကော်မတီ**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ လူနေရပ်ကွက်အမှတ်-၄/မြောက်၊ မြေကွက်အမှတ်(၉၃/ခ)၊ အကျယ်အဝန်း (၂၀ပေ x ၆၀ပေ)၊ ဧရိယာ(၁၂၀၀စတုရန်းပေ)ရှိ နှစ် (၆၀) ဂရန် မြေကွက်ကြီးအနက်မှ မခွဲစိတ်ရသေးသော မျက်နှာမူရာ(ဝဲဘက်ခြမ်း)၊ အကျယ်အဝန်း (အလျား ၁၀ပေ x အနံ ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၄/မြောက်)ရပ်ကွက်၊ မြို့မ(၁၃)လမ်း၊ အမှတ်(၉၃/ခ) ခေါ်တွင်သော အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အား အဆက်စပ်စာချုပ်များဖြင့် ပိုင်ဆိုင်လက်ဝယ်ထားရှိအကျိုးခံစားလျက် ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်သော ၁။ ဦးတင့်လွင် [၁၂/သကတ(နိုင်)၁၄၁၃၄၅]နှင့် ၂။ ဒေါ်ချစ်နှင်းဝေ [၁၂/သကတ(နိုင်)၁၈၀၉၃၇]တို့ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာဆွေ LL.M**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၇၈၉၈)**
**အမှတ်- ၉/၁၁၊ ပထမထပ်၊ အခန်းအမှတ် (၁၀၃ A+B )၊ ၃၆-လမ်း၊**
**ကျောက်တံတားမြို့နယ်။ ဖုန်း - ၀၉-၅၀၃၈၉၇၄**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်လမ်း၊ အမှတ်(၆၁၄/က)ရှိ (၂)ခန်းတွဲ RC (၆)ထပ်တိုက်မှ ပထမထပ် (၂-လွှာ)၊ (မျက်နှာမူလျှင်-ဝဲဘက်) အခန်း၊ ဧရိယာ(၆၁၂)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်နီနီဝင်း(ခ)ဒေါ်ရင်ရင် [၁၂/ပဘတ(နိုင်)၀၁၇၉၆၀] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဒေါ်ထက်ထက်အောင် [၁၂/လမန(နိုင်)၁၃၁၂၉၇]နှင့် ဦးသက်ဖြိုးအောင် [၅/စကန(နိုင်)၁၈၆၅၃၄] တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ထက်ထက်အောင်နှင့် ဦးသက်ဖြိုးအောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်သိန်း(LL.B)** | **ဒေါ်မေမီလှိုင် (LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၃၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၆၅)** |
| **ဖုန်း-၀၉-၅၄၀၁၉၄၀** | **ဖုန်း-၀၉-၄၂၈၂၂၇၃၁၃** |

**အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အားကောင်းသော လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၂၁

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသည့် အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ကနဦးတွင် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ အောက်တိုဘာ ၂၂ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၌ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ထို့နောက် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အောက်တိုဘာ ၂၅ ရက်တွင် ပိုမိုအားကောင်းလာနိုင်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## စလင်းမြို့နယ်၌ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်သင်တန်း ဖွင့်လှစ်ပို့ချ

စလင်း အောက်တိုဘာ ၂၁

တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူး၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မင်းဘူးခရိုင်ငါးလုပ်ငန်းဦးစီးဌာနက ယမန်နေ့တွင် စလင်းမြို့နယ် ငွေတောင်ကျေးရွာ၌ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်(GAqP)သင်တန်းကို ဖွင့်လှစ်သည်။

အဆိုပါသင်တန်းသို့ မင်းဘူးခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းလှအောင်၊ ပွင့်ဖြူငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစိုးလှိုင်တို့က လက်ကမ်းစာစောင်များ၊ သင်တန်းအထောက်အကူပစ္စည်းများ ပေးအပ်ခဲ့ပြီး သင်တန်းဖွင့်လှစ်ပို့ချ ဆောင်ရွက်ခဲ့ရာ သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက်ကြပြီး ရေသတ္တဝါမွေးမြူရေးနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**

## ဒေါ်ခင်မိုးဆွေ(ပုလော)

**အသင်းဝင်အမှတ်(၂၇၇၅)**

## အသက်(၅၅)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ အမှတ်(၃)ရပ်ကွက်၊ သိမ်ဝလမ်းနေ ဦးရဲဝင်း၏ဇနီး ဒေါ်ခင်မိုးဆွေသည် ၂၁-၁၀-၂၀၂၃ (စနေနေ့) နံနက် ၆:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၂၃(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အသင်းမှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

**နာယက၊ အမှုဆောင်အဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၉(ကံဘဲ့)၊ မြေကွက်အမှတ်-၁၈/အို-၁၊ ဧရိယာ (၀.၀၈၁၈ဧက)ရှိ ဦးအောင်သုတ အမည်ပေါက်သည့် B လ/န ၃၉ (အိမ်ရာမြေသတ်မှတ်)၊ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဦးဘဟန်လမ်းသွယ်၊ အမှတ်(18/0.2) ဟုခေါ်တွင်သည့် အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူလက်ဝယ်ထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးပြည့်ဖြိုးတင် [၅/မရန(နိုင်)၂၂၆၉၃၂]ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)ဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းအောင် (LL.B,D.M.L,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၅၆)**
**ဖုန်း-၀၉-၄၂၁၁၂၃၇၁**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ညောင်တုန်းလမ်း အမှတ်(၁၄)ပေါ်တွင် ဆောက်လုပ်ထားသော (၈)ထပ်တိုက်၏ ဆဋ္ဌမထပ်(၇လွှာ)၊ အကျယ်အဝန်း (၂၅ပေx ၅၀ပေ)ရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီး အပါအဝင် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ပစ္စည်းများနှင့် ယင်းတိုက်ခန်းနှင့်ဆက်စပ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်စွဲ့ခမ်းနွယ် [၁/ပတအ(နိုင်)၀၂၆၆၄၇] က ၎င်းသာလျှင် တရားဝင်ပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြု ပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းမြတ်မြတ်စိုး [၉/ပမန(နိုင်)၀၁၄၈၃၈]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုဆိုင်ရာ စာချုပ်စာတမ်း။ (မူရင်း) အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနိုင်ဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၀၉၈)**
**အမှတ်(၂၄)၊ (၆-လွှာ)၊ စမ်းချောင်းလမ်း၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-260610133**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ မိုးကောင်းလမ်းနှင့်အောင်ဇေယျလမ်းထောင့်၊ မြေကွက်အမှတ်(၁၁၂)ပေါ်တွင်ဆောက်လုပ်ထားသော ရွှေမိုးကောင်းကွန်ဒို၏ တိုက်အမျိုးအစား(Tower-F)၊ အခန်းအမှတ်(601-A) ဟုခေါ်တွင်သည့် အကျယ်အဝန်း(၁၂၀၂ စတုရန်းပေ)ရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်ကြောင်း၊ စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ GREAT MASTER CONSTRUCTION CO.LTD မှ တာဝန်ရှိသူ ဒါရိုက်တာ ဦးတင်မောင်ဦး[၁၂/တမန (နိုင်)၁၁၂၃၀၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်သူရထွန်း[၁၂/ဥကတ(နိုင်)၁၈၀၁၉၅]က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်အိသီရိကြူ LL.B , M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၃၃)**
**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၆၃၄၀၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/၂)၊ အမှတ်(၁)ရပ်ကွက်၊ (၁၂)လမ်း၊ မြေကွက်အမှတ်(၂၂၃)ပေါ်တွင်ဆောက်လုပ်ထားသော(၂)ခန်းတွဲ (၆)ထပ်တိုက်၏ တတိယထပ်(၄)လွှာ၊ တိုက်ရှေ့မျက်နှာမူလျှင်-ယာခြမ်း၊ အကျယ်အဝန်း (၁၁. ၅ ပေ x ၄၇ ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်ကြောင်း၊ စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်လှနွဲ့[၁၄/ဘကလ(နိုင်)၂၀၇၂၇၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ဦးမြတ်သူဗိုလ်[၁၄/အမတ(နိုင်)၀၁၃၃၁၀]၊ ဒေါ်ဇင်မြတ်မွန်[၁၄/အမတ(နိုင်)၀၀၉၇၇၂]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်အိသီရိကြူ LL.B,M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၃၃)**
**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၃၁၆၃၄၀၅**

## အထူး ဝမ်းနည်းကြေကွဲခြင်း

မမေစန္ဒာထွေး (National Manager - Sale & Marketing) (Wut Hmone Trading Co.,Ltd) သည် (၁၉-၁၀-၂၀၂၃) နေ့တွင် ကွယ်လွန်သွားပါသဖြင့် ရင်နှင့်အမျှ ခံစားရပါသည်။ ကျန်ရစ်သူ မိသားစုနှင့် ထပ်တူ အထူးကြေကွဲ ဝမ်းနည်းရပါသည်။

မေစန္ဒာထွေး အမြင့်မြတ်ဆုံးနေရာသို့ ရောက်ရှိပါစေ . . .

ဆရာ ဒေါက်တာစောဝင်း & အမ ဒေါ်ခင်ဇာငြိမ်း
Wut Hmone Trading Co., Ltd. (မိသားစု)

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(၈၈-၃)၊ ဦးပိုင်အမှတ်(၅၆)၊ ၅၆x၅၇လမ်းကြား၊ အောင်ဆန်းလမ်းနှင့် ငုရွှေဝါလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော (ဖခင်) ဦးကျော်ဝင်းမောင် (မိခင်) ဒေါ်သန်းစိန်တို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၂၆၀၉/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့် သားသမီးများဖြစ်သော ဒေါ်မိုးမိုး [၂/လကန(နိုင်)၀၀၈၁၂၉]၊ ဦးကျော်မင်းထွန်း[၂/လကန(နိုင်)၀၀၁၁၆၂] တို့က အမှုတွဲအမှတ်-၄၉၀၅/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၁၁)၊ ဦးပိုင်အမှတ်(၃၃)၊ ၆၈ လမ်းမျက်နှာပြု ၄၂x၄၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးဝင်းမောင် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၁၉၃၅/၂၀၂၃) ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ညွှန့်ညွှန့်ဝင်း[၉/မရမ(နိုင်) ၀၄၉၄၂၁]၏ (GP ရသူ ဒေါ်နီလာမောင်)က အမှုတွဲအမှတ်-၄၉၂၈/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း၊သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထွေထွေကိုယ်စားလှယ်လွှဲစာ (GP)ရုပ်သိမ်းကြောင်း

ကျွန်တော် ဦးဝင့်ကို နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၁၂/ဒဂန(နိုင်)၀၂၉၇၆၂] ကိုင်ဆောင်သူမှ ဦးဟိန်းပြည့်ဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၇/သဝတ(နိုင်)၀၉၃၀၄၅] ကိုင်ဆောင်သူထံသို့ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၉-၁၀-၂၀၂၃)ရက်နေ့၌ (အထွေထွေကိုယ်စားလှယ်လွှဲစာ စာချုပ်အမှတ်စဉ်-၂၁၇၃၀)ဖြင့် လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာ(GP)အား ဤကြော်ငြာပါသည့်နေ့မှစ၍ ရုပ်သိမ်းလိုက်ပြီဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင့်ကို**
**[၁၂/ဒဂန(နိုင်)၀၂၉၇၆၂]**

## ငြင်းချက်ထုတ်ရန် ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ ၂၀)
## သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၃၄

| | | |
|---|---|---|
| ဒေါ်ပန်းရီ | နှင့် | ၁။ ဦးအောင်ခင် |
| | | ၂။ ဦးသန်းမောင် |
| | | ၃။ ဒေါ်ခင်ကြည် |
| | | ၄။ ဒေါ်ဆွေဆွေဦး |
| | | ၅။ ဒေါ်လှဝင်း |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ ရွှေဝါလမ်း၊ အမှတ်(၄၂)နေ (၂)တရားပြိုင် ဦးသန်းမောင်နှင့် (၃)တရားပြိုင် ဒေါ်ခင်ကြည် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"အရောင်းအဝယ် ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှု"** နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၁၀)ရက်၊ (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၂)ရက်နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၂၀)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်စိုးခိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**သင်္ဃန်းကျွန်းခရိုင်တရားရုံး**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုင်းအောင်သန်း

**Shareholder (Jewellery Luck Group Of Companies)**

## အသက် (၇၉) နှစ်

ရန်ကုန်မြို့နေ ဦးကျော်စိန် (Chairman, Jewellery Luck Group Of Companies) - ဒေါ်အားကြူ ၊ Mr. Xu Yaung - ဒေါ်စိုးစိုး၊ ဦးလင်းအောင်-ဒေါ်မိုးမိုး၊ ဦးမောင်ရွှေ-ဒေါ်စုစုအေးတို့၏ ချစ်လှစွာသောဖခင် မန္တလေးမြို့ ၊ ချမ်းအေးသာဇံမြို့နယ်၊ (၇၆) လမ်း (၃၂ x ၃၃)လမ်းကြား၊ အမှတ် (၆၃၃)နေ ဦးစိုင်းအောင်သန်း သည် ၁၈-၁၀-၂၀၂၃ (ဗုဒ္ဓဟူးနေ့) ည ၁၀:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်တကွ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**Lucky Way Freight & Container Transportation**
**မိသားစု**

## အများသိစေရန်ကြော်ငြာခြင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျိုက်တော်ရပ်ကွက်၊ အထက် ပုဇွန်တောင်လမ်း၊ အမှတ်(၇၃/၇၅) စီ၊(၂)လွှာ၊ (၁၅ပေx ၅၅ပေ)ရှိ တိုက်ခန်းကို ပိုင်ရှင်ဖြစ်သူ ဦးသိန်းအောင် (မှတ်ပုံတင်-၁၂/ဒပန(နိုင်)၀၀၇၀၄၇၃)ထံမှဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရံငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း စာချုပ်စာတမ်း မူရင်းများယူဆောင်လျက်လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွား ပါမည်ဟု အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဦးအောင်နိုင်(LL.B, DB.L, DIL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၂၆)**
**အမှတ်(၁၀/၁၂)၊ မြေညီထပ်၊ (၃၅)လမ်း**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။၀၉-၄၄၃၀၄၈၁၅၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၇)၊ ဦးပိုင်အမှတ်(၆၈)/ ၁၃၄x၁၃၅ ကြား၊ ၆၄ A လမ်းရှိ တောဂရန် မြေကွက်အမည်ပေါက်သူ ခင်ပွန်း ဦးညွန့်လွင် ကွယ်လွန်၍ ကျန်ရစ်သူ ဇနီး ဒေါ်ခင်မာကြူ[၉/မရတ(နိုင်) ၀၉၅၂၉၁]က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေပုံရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဏ/၄၀)၊ လူနေရပ်ကွက်အမှတ်(၁၄)၊ ဝက်ဘာလမ်း၊ အမှတ်(၁၁၀/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း(၂၀x၆၀)ပေရှိ ဦးထွန်းထွန်းဦး အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် ရေမီးစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးသန့်ဇင်[၁၂/ဥကတ(နိုင်)၂၂၄၃၉] ကိုင်ဆောင်သူမှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးပေါက်စ [၈/ရနခ(နိုင်)၀၃၀၃၅၀]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပေါက်စ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၄၃၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၄၈၈၈၂၈၂၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/မြောက်ရပ်ကွက်၊ ဟသ်ာတလမ်း၊ အမှတ်(၅၀)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၇)ထပ်တိုက်၏ မြေညီထပ်(B)၊ (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂½ x ၅၀) ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီး၊ အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင်များဖြစ်ကြသော ဦးဆန်းဦး [၁၄/သပန(နိုင်)၀၇၇၇၀၅]နှင့် ဒေါ်နီလာဝင်း [၁၂/စခန(နိုင်)၀၅၆၅၂၆] တို့အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း (မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ် စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| ဒေါ်အေးမြင့်ရီ | ဒေါ်အိဖြိုးဇင် | ဦးသိန်းညွန့် |
|---|---|---|
| BSc,DA, HGP, R.L, DBL, DML, DIL | LL.B, D.B.L (စဉ်-၁၅၉၇၅) | BA, HGP, R.L, DBL, DML, DIL |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃) | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁) |
| ဖုန်း-၀၉-၇၉၈၈၂၇၅၉၀ | ဖုန်း-၀၉-၇၉၀၁၂၃၄၈၀ | ဖုန်း-၀၉- ၅၀၅၃၁၀၇ |

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- ရိုးရိုးမီးလုံး၊ မီးချောင်းထက် Energy Saving Lamp ကို ရွေးချယ် အသုံးပြုသင့်သည်။
- Energy Saving Lamp ထက် LED မီးလုံး မီးချောင်းများကို ရွေးချယ် အသုံးပြုသင့်သည်။



## သင့် သွေး ဖြင့် အ သက် ကယ် ပါ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူအားလုံးအကျုံးဝင်မည့်ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **နိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည်မှာ ပညာရည်မြင့်မားမှုဖြစ်...**

❖ **မိမိတို့အစိုးရ၏ ပညာရေးမျှော်မှန်းချက်သည် ကျောင်းနေအရွယ်အားလုံး အနိမ့်ဆုံး KG+9 အောင်မြင်ရေးဖြစ်သည့်အတွက် တိုင်းရင်းသားအားလုံး ပညာရည်မြင့်မားရေး အလေးထားဆောင်ရွက်ရန် မှာကြားလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ပြုလုပ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ဒီပါဝလီနေ့ ဖြစ်သည့်အတွက် အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာ

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက် (၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်) တနင်္ဂနွေနေ့သည် "ဒီပါဝလီနေ့" ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့်စာချုပ်စာတမ်းများ အက်ဥပဒေ ပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်၊ ၂၂၀/၂၀၂၃ ဖြင့် ကြေညာထားပါသည်။

## ဂျူးဇီကြိုးပြင်ကာကွယ်တော သတ်မှတ်



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(c)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ဧက ၂၀၀၀ ရှိသော နယ်မြေကို **"ဂျူးဇီကြိုးပြင်ကာကွယ်တော"**အဖြစ်အမိန့်ကြော်ငြာစာအမှတ် (၁၂၅/၂၀၂၃)အရ ၁၃၈၅ ခုနှစ် သီတင်းကျွတ်လဆန်း ၆ ရက် (၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၀ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြစ်၊ ချောင်း၊ အင်း၊ အိုင်စသည့် ရေအရင်းအမြစ်နှင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်၊ ဂေဟစနစ်တည်ငြိမ်မှုရှိစေရန်၊ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော **စာမျက်နှာ ၂၂ ကော်လံ ၁ သို့** ❂

ယနေ့ ဖတ်စရာ

**လူသားချင်းစာနာထောက်ထားမှု အကူအညီများ သယ်ဆောင်လာသည့် ထရပ်ကားများ အီဂျစ်နိုင်ငံမှ ဂါဇာကမ်းမြောင်သို့ စတင်ဝင်ရောက်**



စာမျက်နှာ » ၁၃

**ချောင်းသာကမ်းခြေ၌ သီတင်းကျွတ်ပွဲတော်အကြိုခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး MSMEs ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်**

စာမျက်နှာ » ၁၇

**ပျိုးထောင်မှုလမ်းကြောင်း မတိမ်းစောင်းအောင် သတိဆောင်**

ကျန်းမာပျော်ရွှင်ခြင်း စာမျက်နှာ » ၂၁

## လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း ဂိုးပြတ်အနိုင်ရ

ရန်ကုန် အောက်တိုဘာ ၂၁

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၇) ဒုတိယနေ့ကို အောက်တိုဘာ ၂၁ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက GFA အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ချန်ပီယံဆုကာကွယ်နိုင်ရန် လက်ကျန်ပွဲများကို အမှားမခံဘဲ နိုင်ပွဲထပ်မံရယူခဲ့သည်။ ဇယားအောက်ဆုံးမှ GFA အသင်းနှင့် တွေ့ဆုံခြင်းဖြစ်သောကြောင့် ရှမ်းယူနိုက်တက်အသင်းသည် ခြေအသာဖြင့် ကစားကာ ဂိုးဒါဇင်ဝက်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ **စာမျက်နှာ ၂၂ ကော်လံ ၁ သို့** ❖




ရှမ်းယူနိုက်တက်အသင်းနှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။